# တပ်မတော်မှ ၎င်းတို့၏ လူ့အခွင့်အရေးချိုးဖောက်မှု များကို တရားဝင်မှုရရှိအောင် ကြိုးပမ်းနေမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေပိုင်းဆိုင်ရာ ရွေးချယ်ပြင်ဆင်ပြဋ္ဌာန်းချက်အချို့အပေါ်
ကရင်လူ့အခွင့်အရေးအဖွဲ့၏ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ ရှုထောင့်မှသုံးသပ်လေ့လာမှု

KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# မာတိကာ


**၁။ စကားချီး..........................................................................................................၄**

**၂။ ရည်ရွယ်ချက်နှင့် လွှမ်းခြုံနိုင်မှု.............................................................................. ၇**

**၃။ ရွေးချယ်ထားသည့် ဥပဒေပြင်ဆင်ချက်များအားခြုံငုံလေ့လာခြင်း ............................... ၉**

**၄။ အသုံးချနိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေများ ...................................................... ၁၂**

(က) ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများ ကို အဓမ္မနည်းဖြင့် သို့မဟုတ် ဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခြင်းအား တားမြစ်ခြင်း ........................................................... ၁၂

(ခ) လွတ်လပ်ခွင့်အား မတရားသဖြင့် ပိတ်ပင်ခြင်းကို တားမြစ်ခြင်း.......................... ၁၃

(ဂ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ................................................................ ၁၃

**၅။ လေ့လာသုံးသပ်ခြင်း ............................................................................................ ၁၅**

(က)အဓမ္မစီးနင်းဝင်ရောက်ခြင်းများ၊ ဖမ်းဆီးခြင်းများနှင့်ချုပ်နှောင်ခြင်းများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရခြင်း.................................................................................... ၁၅

၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇ သည် မြန်မာနိုင်ငံ၏ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများအား ချိုးဖောက်လျက်ရှိပြီး အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတို့နှင့်လည်းကိုက်ညီမှု မရှိခြင်း.................................................................................................................... ၁၈

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၏ ပုဒ်မ ၅ နှင့် ၈ ကို ရပ်ဆိုင်းခြင်းသည် ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူ ကိစ္စများနှင့် ပတ်သက်ပြီး အဓမ္မနည်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်းအား တားမြစ်ခြင်းနှင့် ဆန့်ကျင်လျက်ရှိသည်။........................................................... ၁၉

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၏ ပုဒ်မ ၇ အား ရပ်ဆိုင်းထားခြင်းသည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ အရ လွတ်လပ်ခွင့်အား မတရားသဖြင့် ဆုံးရှုံးစေခြင်းကိုတားမြစ်ထားချက်နှင့် ဆန့်ကျင်ခြင်း ............ ၂၀

(ခ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ခံစားခွင့်ချိုးဖောက်ခြင်း............ ၂၁

(၁) ပုဒ်မ ၅၀၅ (က) သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ရန်အတွက် လိုအပ်ချက် များ ပြည့်မီမှုမရှိသဖြင့် တရားမဝင်သော ကန့်သတ်ချက်တခုအဖြစ်သာသတ်မှတ်နိုင်သည်။............ ၂၂

(၂) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအနေဖြင့် ခွင့်ပြုကန့် သတ်ချက်များ ချမှတ်နိုင်ရန်အတွက် “တရားဝင်ပြဋ္ဌာန်းရန်လိုအပ်ချက်” နှင့် “အကျိုးစီးပွားအချိုးညီ မျှမှု” ဆိုင်ရာအချက်များကို ပြည့်မီ ခြင်းမရှိပါ။ ............ ၂၃

**၆။ အကြံပြုချက်များ............ ၂၇**

# ၁။ စကားချီး

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော တပ်မတော်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းခဲ့ပြီး ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံမှ အာဏာကို အဓမ္မသိမ်းယူကာ နိုင်ငံတဝှမ်း လက်ရှိကြုံတွေ့နေရသော နိုင်ငံရေးမတည်ငြိမ်မှု အခြေအနေဆီသို့ မြန်မာနိုင်ငံအားတွန်းပို့ပေးခဲ့သည်။ ဤသို့နိုင်ငံရေးမတည်ငြိမ်မှုများတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးအရေးယူမှုမရှိခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များပေးရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ ပါဝင်သည်။ ထိုအချိန်မှစပြီး လုံခြုံရေးတပ်ဖွဲ့များမှ အဓိကမြို့ကြီးများရှိ ပြည်သူများအပေါ် အလွန်ဆိုးရွားသည့်အကြမ်းဖက်မှုနည်းလမ်းများကို အသုံးပြုလာကြသည်။ ထိုအကြမ်းဖက်သည့်နည်းလမ်းများကို စစ်အာဏာသိမ်းမှုမတိုင်မီအချိန်ကာလတွင် အထူးသဖြင့် မြန်မာနိုင်ငံအစွန်အဖျားဒေသများရှိ တိုင်းရင်းသားလူနည်းစုများအား ညှဉ်းပမ်းနှိပ်စက်ရာတွင် ပုံမှန်အသုံးပြုခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်က အာဏာသိမ်းပြီးသည့် အချိန်မှစ၍ စစ်အာဏာရှင်မှ ကျူးလွန်သောရက်စက်ယုတ်မာမှုများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ[1] အဖြစ် သတ်မှတ်နိုင်ကြောင်း မူလအစကပင် သတိပေးခဲ့သည်။ ထိုရက်စက်ယုတ်မာမှုများတွင် ဆန္ဒထုတ်ဖော်သူများနှင့် သပိတ်မှောက်ရာတွင်ပါဝင်သူများ[2] အပေါ် မမျှတသော အင်အားများအသုံးပြုခြင်း၊ အနည်းဆုံး လူပေါင်း ၈၈၄ ဦး[3] အား သတ်ဖြတ်ခဲ့ခြင်း၊ သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် အာဏာသိမ်းမှုကို ဆန့်ကျင်သူ[4] ထောင် ပေါင်းများစွာအား အဓမ္မဖမ်းဆီးခြင်းနှင့် အစဖျောက်ခြင်း၊

[1] ၂၀၂၁ခုနှစ်၊ ဇူလိုင် ၁ရက်နေ့ “ ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Thomas H. Andrews မှ မြန်မာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် ထုတ်ပြန်ချက်” (ကမ္ဘာ့ကုလသမဂ္ဂ မဟာမင်းကြီးရုံး၊ ၂၀၂၁၊ မတ်လ ၁၁ ရက်နေ့) <https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=26884&LangID=E

[2] ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ “ Thomas H. Andrews ၏ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊” (၂၀၂၁၊ မတ်လ ၄ ရက်) A/HRC/46/56 (“မြန်မာနိုင်ငံရှိလူ့အခွင့်အရေးအခြေအနေများအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ”) [၄၉]–[၅၂].

[3] ၂၀၂၁ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများအား ကူညီစောင့်ရှောက်ရေးအသင်း (“AAPP”)၏ ပျမ်းမျှတင်ပြထားချက်အရ စစ်တပ်မှ လူ (၈၈၄) ဦးကို သတ်ဖြတ်ခဲ့သည်။ “စစ်တပ်အာဏာသိမ်းခြင်းနှင့်ဆက်နွယ်သည့် နေ့စဉ်ရှင်းလင်းချက်” ကြည့်ပါ။ (AAPP၊ ၂၀၂၁ခုနှစ်၊ ဇွန်လ ၃၀ရက်) <https://aappb.org/?p=16231> accessed 1 July 2021 မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံချက်တွင်လည်းကြည့်ရှုနိုင်ပါသည်။ (n ၂) [၂၉] – [၄၈]

[4] မြန်မာ: “ရာပေါင်းများစွာအတင်းအဓမ္မပျောက်ကွယ်ထားခံရ” (လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ ၂၀၂၁ခုနှစ်၊ ဧပြီလ ၂ ရက်နေ့) <https://www.hrw.org/news/2021/04/02/myanmar–hundreds–forcibly–disappeared> accessed July 1, 2021; Thomas H. Andrews ၏ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေများအပေါ်အထူးကိုယ်စားလှယ်၏အစီရင်ခံစာ (n ၂) [၅၃]–[၆၀].

နေအိမ်များသို့ ဖမ်းဝရမ်းမပါပဲ ဝင်ရောက်စီးနင်းကာ အာဏာသိမ်းမှုအား အတိုက်အခံပြုလုပ်သူများ[5]ကို ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိုသူများအား ညှဥ်းပမ်းနှိပ်စက်ခြင်း[6] တို့ပါဝင်သည်။

ပြည်သူများအပေါ် ဤသို့အကြမ်းဖက်ခြင်းများနှင့်အတူ တပ်မတော်သည် ၂၀၀၈ အခြေခံဖွဲ့စည်းပုံ ဥပဒေ (ပုဒ်မ ၄၁၉) အားအသုံးပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက)[7] ကို ဖွဲ့စည်းကာ ထိုမှတဆင့် မြန်မာနိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်ကိုထိပါးနှောင့်ယှက်စေနိုင်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်း ဥပဒေများအား ပြောင်းလဲပြင်ဆင်မှုများစွာကို ပြုလုပ်ပြဋ္ဌာန်းခဲ့သည်။ အတိအကျဆိုရလျှင် (ပုဒ်မ ၄၁၉) အရ သမ္မတမှ အရေးပေါ်အခြေအနေကြေညာပြီး (ပုဒ်မ ၄၁၇)နောက်တွင် ကာကွယ်ရေးဌာန၏ စစ်ဦးစီး ချုပ် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) အနေဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီ ရင်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းခွင့်ရှိပြီး အစိုးရဌာနအား လုံးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လက်သို့ လွှဲအပ်ပေးရမည်(ပုဒ်မ ၄၁၈)[8]။ သို့သော်လည်း မြန်မာ နိုင်ငံ၏ အခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ထောက်ပြချက်အရ တပ်မတော်မှ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် (ပုဒ်မ ၄၁၇)[9] အရ ထုတ်ပြန်ကြေညာခဲ့သော "အရေးပေါ်အခြေအနေ" သည်မည်သည့် ဥပဒေအခြေခံမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက် ပွဲအတွင်း မဲမသမာမှုများ ရှိနေသည်ဟူသော စွပ်စွဲချက်သည် "အရေးပေါ်အခြေအနေ" ကြေညာနိုင်

[5] Frontier Myanmar ၏ (၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့) "တံခါးမဖွင့်ပါနဲ့: အာဏာသိမ်းစစ်တပ်၏ သန်းခေါင်ယံဝင်ရောက်စီးနင်းမှုမှ အကြောက်တရားနှင့်တော်လှန်ခုခံမှုပေါ်ပေါက်လာ" <https://www.frontiermyanmar.net/en/dont-open-the-door-juntas-midnight-raids-arouse-fear-and-resistance/> accessed June 16, 2021 ("Frontier Myanmar, တံခါးမဖွင့်ပါနဲ့: အာဏာသိမ်းစစ်တပ်၏ သန်းခေါင်ယံဝင်ရောက်စီးနင်းမှုမှ အကြောက်တရားနှင့် တော်လှန်ခုခံမှု ပေါ်ပေါက်လာ"); မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ်အထူးကိုယ်စားလှယ်၏အစီရင်ခံစာ (n ၂) [၅၅].

[6] (လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့) "မြန်မာ: ဆယ်ကျော်သက်များမှပြောပြသည့် ညှဥ်းပမ်းနှိပ်စက်ခြင်းနှင့် လှောင်ပြောင်သရော်ခြင်း" <https://www.hrw.org/news/2021/06/22/myanmar-teenager-describes-torture-mock -burial> accessed July 1, 2021 ("HRW, မြန်မာဆယ်ကျော်သက်များမှပြောပြသည့်ညှဥ်းပမ်း နှိပ်စက်ခြင်းနှင့် လှောင်ပြောင်သရော်ခြင်း"); South China Morning Post ၏ (၂၀၂၁ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့) "သူသည် မြန်မာအာဏာသိမ်းစစ်တပ်၏ ညှဥ်းပမ်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း US တည်းဖြတ် Nathan Maung ဆို" <https://www.scmp.com/news/asia/southeast-asia/article/3138951/us-editor-nathan-maung-says-he-was-tortured-myanmar-junta> accessed July 1, 2021 ("SCMP, သူသည် မြန်မာအာဏာသိမ်းစစ်တပ်၏ ညှဥ်းပမ်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း US တည်းဖြတ် Nathan Maung ဆို"): ဧရာဝတီ (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့) အာဏာသိမ်းစစ်တပ်၏ အချုပ်ထဲတွင် သေဆုံးသည့်အထိ ညှဥ်းပမ်းနှိပ်စက်ခံခဲ့ရသည်" <https://www.irrawaddy.com/news/burma/tortured-to-death-in-myanmar-regime-custody.html> accessed July 1, 2021 ("ဧရာဝတီ, အာဏာသိမ်းစစ်တပ်၏ အချုပ်ထဲတွင်သေဆုံးသည့်အထိ ညှဥ်းပမ်းနှိပ်စက်ခံခဲ့ရသည်")

[7] The Myanmar Times ၏, "မြန်မာစစ်တပ်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအသစ်အား ကြေညာ" (The Myanmar Times, ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်နေ့) <https://www.mmtimes.com/news/myanmar-military-announces-new-state-adm inistrative-council.html> accessed 26 May 2021.

[8] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အခြေခံဥပဒေ ("အခြေခံဥပဒေ") 2008 အပိုဒ် ၄၁၇-၄၁၉.

[9] Frontier Myanmar, "တပ်မတော်မှ နိုင်ငံတော်၏အရေးပေါ်အခြေအနေအောက် တစ်နှစ်အုပ်ချုပ်ရန် အာဏာသိမ်း" Frontier Myanmar (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) <https://www.frontiermyanmar.net/en/tatmadaw-seizes-power-under-state-of-emergency-to-rule-for-a-year/> accessed 26 May 2021

လောက်သည့် အနေအထားမရှိပါ။[10] ထို့အပြင် တပ်မတော်၏ “အရေးပေါ်အခြေအနေ” ကြေညာချက်သည် အခြေခံဥပဒေနှင့်လည်း ကိုက်ညီမှု မရှိပါ။ အကြောင်းမှာ အခြေခံဥပဒေအရ တပ်မတော်မှ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖမ်းဆီးအကျဉ်းချထားသည့် သမ္မတတစ်ဦးတည်းကိုသာ “အရေးပေါ်အခြေအနေ” ကြေညာနိုင်သည့် အခွင့်အာဏာပေးအပ်ထားသည်။[11] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တရားမဝင်အသင်းဖြစ်သည်မှာ ထင်ရှားလျက်ရှိပြီး ၎င်းတို့ကျင့်သုံးသော (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး) အာဏာများသည်လည်း တရားဝင်မှုမရှိသကဲ့သို့ ၎င်းတို့၏ဥပဒေပြောင်းလဲပြင်ဆင်မှုများမှာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တရားမဝင်ပါ။

10 Melissa Crouch, “မြန်မာနိုင်ငံ၏စစ်တပ်ဏာသိမ်းမှုသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိပါ” (East Asia Forum, ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်နေ့) <https://www.eastasiaforum.org/2021/02/03/myanmar-coup-on-the-pretext-of-a-constitut ional-fig-leaf/> accessed June 22, 2021 (Crouch, မြန်မာနိုင်ငံ၏စစ်တပ်ဏာသိမ်းမှုသည် အခြေခံဥပဒေ နှင့် ကိုက်ညီမှုမရှိပါ”); Sujit Choudry and Asanga Weikala, “မြန်မာနိုင်ငံစစ်တပ်၏ နိုင်ငံတော်အာဏာသိမ်းမှုသည် အခြေခံ ဥပဒေနှင့် ကိုက်ညီမှုမရှိပါ” (Verfassungsblog, ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်) <https://verfassungsblog.de/myanmars-military-coup-detat-is-unconsti tutional/> accessed June 22, 2021 (“Choudry and Weikala, ‘Myanmar’s Military Coup detat Is Unconstitu tional’”); The Diplomat (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်) Sebastian Strangio, “မြန်မာနိုင်ငံစစ်တပ်အာဏာသိမ်းမှုသည် တရားဝင်မှုရှိပါသလား၊ လိုအပ်ပါသ လား” <https://thediplomat.com/2021/02/ was-myanmars-coup-legal-and-does-it-matter/> accessed June 22, 2021 (“Choudry and Weikala, မြန်မာနိုင်ငံစစ်တပ်အာဏာသိမ်းမှုသည် တရားဝင်မှုရှိပါသလား၊ လိုအပ်ပါသလား”)

11 (Crouch, မြန်မာနိုင်ငံစစ်တပ်၏အာဏာသိမ်းမှုသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိပါ” (n ၁၀); Choudry and Weikala, “မြန်မာနိုင်ငံစစ်တပ်၏ နိုင်ငံတော်အာဏာသိမ်းမှုသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိပါ” (n ၁၀); Strangio, “မြန်မာနိုင်ငံစစ်တပ်၏ဏာသိမ်းမှုသည် တရားဝင်မှုရှိပါသလား?” (n ၁၀)

# ၂။ ရည်ရွယ်ချက်နှင့် လွှမ်းခြုံနိုင်မှု

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ရက်သတ္တပတ်များတွင် ပြုလုပ်ပြဋ္ဌာန်းခဲ့သော ဥပဒေပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ မြန်မာနိုင်ငံသားများ၏အခြေခံအခွင့်အရေးများအားကာကွယ်ပေးမှုများကို ဆိုးရွားစွာထိခိုက်စေပါသည်။ ထို့အတွက်ကြောင့် ဤအစီရင်ခံစာအကျဉ်းချုပ်သည် အချို့သော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်ရမည့် ဝတ္တရားများကိုအခြေခံပြီး အချို့ဥပဒေရေးရာ ပြုပြင်ပြဋ္ဌာန်းမှုများကို လေ့လာသုံးသပ်ထားသည်။ သတိထားရမည်မှာ မြန်မာနိုင်ငံသည် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICCPR)[12] ကဲ့သို့ နိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက်စာချုပ်အချို့အား လက်မှတ်ရေးထိုးထားခြင်း မရှိချေ။ ဤအစီရင်ခံစာအကျဉ်းချုပ်တွင် စည်းနှောင်ခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းကဲ့သို့ သက်ဆိုင်ရာမူဝါဒများကို ထည့်သွင်းဖော်ပြထားသည်။ တချိန်တည်းမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၎င်းတို့၏ တရားမဝင်အာဏာဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကို ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ကာ ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားဝင်စေရန်ကြိုးပမ်းခြင်းဖြင့် ထိုအခွင့်အရေးချိုးဖောက်မှုများအတွက်ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဤအစီရင်ခံစာအကျဉ်းချုပ်တွင်တင်ပြထားသည်။ နောက်ဆုံးအနေဖြင့် ဤစာတမ်းတွင် အာဆီယံ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အခြား UN အဖွဲ့ဝင်နိုင်ငံများအား မြန်မာပြည်သူများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးနိုင်ရန်အတွက် အကြံပြုချက်အချို့ကိုလည်း ထည့်သွင်းတင်ပြထားသည်။

ဤအစီရင်ခံစာအကျဉ်းချုပ်၏သုံးသပ်ချက်များမှာ နယ်ပယ်အလိုက် ကန့်သတ်ချက်များရှိပါသည်။ အစီရင်ခံစာတွင် သုံးသပ်ထားသော အခန်း ၃ (ရွေးချယ်ထားသည့် ဥပဒေပြင်ဆင်ချက်များအား ခြုံငုံလေ့လာခြင်း)တွင် ဖော်ပြထားသော ဥပဒေပြင်ဆင်ချက်လေးရပ်မှာ ဤအစီရင်ခံစာ စတင်ရေးသားသည့် ၂၀၂၁ ခုနှစ်၊ မတ်လအစောပိုင်းအချိန်တွင် သတင်းမီဒီယာများ၌ အသားပေးရေးသားသည့်အပေါ် မူတည်ပြီး ရွေးချယ်ထားခြင်းဖြစ်သည်။ အလားတူပင် အခန်း ၄ (နိုင်ငံတကာဥပဒေများအား အသုံးပြုနိုင်မှု) နှင့် အခန်း ၅ (သုံးသပ်ချက်)တွင် ပါရှိသော သုံးသပ်တင်ပြမှုများမှာ အချက်အားလုံးကို ထည့်သွင်းသုံးသပ်ထားခြင်းမဟုတ်ပဲ မြန်မာနိုင်ငံတွင် အသုံးချနိုင်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းသတ်မှတ်ချက်များကိုသာ ထည့်သွင်းဖော်ပြထားသည်။ ဖော်ပြပါ လူ့အခွင့်အရေးဥပဒေများနှင့် မူဝါဒများမှာ ညအချိန် စီးနင်းဝင်ရောက်ခြင်းများ၊ အစမ္မဖမ်းဆီးချုပ်နှောင်မှုများ၊ လူမှုဆက်သွယ်ရေးကွန်ယက်များအား ကန့်သတ်ခြင်းများနှင့် အင်တာနက်လိုင်းပိတ်ခြင်းအပေါ် အဓိကဖော်ပြထားသည်။ အကြောင်းမှာ ဤဖြစ်စဉ်များသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ သတင်းများတွင် အများဆုံးဖော်ပြခြင်းခံ

[12] မြန်မာနိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အတည်ပြုသော စာချုပ်စာတမ်းများ, "အခြေအနေတစ်ရပ်ကို အပြန်အလှန်အတည်ပြု ထိန်းချုပ်သည့်အဖွဲ့." အားကြည့်ရှုရန် (ကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံး) ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ https://indicators.ohchr.org/>

ရသော အချက်များဖြစ်ပြီး ဤအစီရင်ခံစာတွင် ထည့်သွင်းမည့်အခြေခံအကြောင်းအရာများကို ထိုအချိန်တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည့်အတွက် ဖြစ်သည်။

စစ်ကောင်စီ၏ ရက်စက်ယုတ်မာမှုများသည် မကြာသေးမီကာလများအတွင်းပိုမို ထင်သာမြင်သာရှိလာပြီး အထူးသဖြင့် မိန်းမပျိုများ၊ အမျိုးသမီးများနှင့် လိင်စိတ်တိမ်းညွှတ်မှု မတူသည့် LGBTIQ အသိုင်းအဝိုင်းအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်ခြင်းများမှာ ပိုမိုသိသာထင်ရှားလာသည်။[13] ထို့အတွက်ကြောင့် နောက်ပိုင်း သုတေသန များတွင် ဥပမာအားဖြင့် စစ်အာဏာသိမ်းမှုအတွင်း ဖြစ်ပွားခဲ့သည့် ကျားမရေးရာ ကိစ္စရပ်များကို အဓိကထားကာ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) ကဲ့သို့သော မြန်မာနိုင်ငံမှရေးထိုးထားသည့် သက်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်ပါ ဝတ္တရားများကို ထည့်သွင်းဖော်ပြနိုင်သည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာသည် စစ်ကောင်စီမှ ၎င်းတို့၏ တရားမဝင်အာဏာကို အသုံးပြုကာ ဥပဒေ[14] များပြဋ္ဌာန်းပြီး မြန်မာနိုင်ငံရှိပြည်သူများ၏ လူ့အခွင့်အရေးများအား ချိုးဖောက်နေမှုများနှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့်မူဝါဒရေးရာ စည်းရုံးလှုံ့ဆော်မှုများနှင့် သုတေသနများတွင် အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

---

13 ဧရာဝတီမှ (၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့) လတ်တလောတွင် ထုတ်ဝေခဲ့သည် "မြန်မာ LGBTIQ အသိုင်းအဝိုင်းတွင် အာဏာသိမ်းစစ်တပ်၏ သတ်ဖြတ်ခြင်း ညှဉ်းပမ်းနှိပ်စက်ခြင်းများကို ကြုံတွေ့နေရမှု" တွင်ကြည့်ပါ။ ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၅ရက်နေ့ https://www.irrawaddy. com/news/burma/ myanmars-lgbtiq-community-faces-death-and-torture-from-junta.html ("ဧရာဝတီ, မြန်မာ LGBTIQ အသိုင်းအဝိုင်းတွင် အာဏာသိမ်းစစ်တပ်၏ သတ်ဖြတ်ခြင်း ညှဉ်း ပမ်းနှိပ်စက်ခြင်းများကို ကြုံတွေ့နေရမှု")

14 ဤအစီရင်ခံစာအကျဉ်းချုပ်တစ်ခုလုံးတွင် "ဥပဒေ" နှင့်ပတ်သက်၍ ကြောက်မက်ဖွယ် ကိုးကားချက်အား နစကမှ ဥပဒေများအား ပြင်ဆင် ပြဋ္ဌာန်းပိုင်ခွင့်မရှိသော်လည်း နစကမှ ပြင်ဆင်ထားသည့် အချိန်တွင်သာ အသုံးပြုထားပါသည်။

# ၃။ ရွေးချယ်ထားသည့် ဥပဒေပြင်ဆင်ချက်များအား ခြုံငုံလေ့လာခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၃/၂၀၂၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေသည် စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေဖြစ်သည်။** အထူးသဖြင့် ပုဒ်မ ၁၇ အား ပြန်လည်ပြင် ဆင်ချက်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်စုစုတွင်နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဥ့်အိပ်ညဥ့်နေ ဧည့်သည်အဖြစ် လာရောက်တည်းခိုသည့်အခါများနှင့် ပြန်လည်ထွက်ခွာသည့်အခါများတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အကြောင်းကြားရမည်။[15] ပုဒ်မ ၁၇ အား လိုက်နာရန် ပျက်ကွက်ပါက ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ် သို့မဟုတ် ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကိုကျခံရမည်ဖြစ်သည်။[16]

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၂၁ သည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုတို့အား ကာကွယ်ပေးသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြစ်သည်။** စစ်ကောင်စီသည် ပုဒ်မ ၅၊ ၆၊ ၇ နှင့် ၈ တွင် ပါသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေတွင်ပါသည့် အခွင့်အရေးအကာအကွယ်ပေးမှုများကို ရပ်ဆိုင်းထားသည်။[17] ဤပြဋ္ဌာန်းချက်များအား ရပ်ဆိုင်းထားခြင်းအားဖြင့် အာဏာပိုင်များအနေနှင့် (ပုဒ်မ ၅ အရ) ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ဖမ်းဆီးခြင်းများ ပြုလုပ်ရန်အတွက် နေအိမ်များနှင့် ပုဂ္ဂလိကပိုင်နေရာများအတွင်းသို့ ဖမ်းဝရမ်းမပါပဲ ဝင်ရောက်ခွင့်၊ (ပုဒ်မ ၇ အရ) လူပုဂ္ဂိုလ်တစ်ဦးအား တရားရုံးခွင့်ပြုချက်မပါပဲ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ခွင့်၊ (ပုဒ်မ ၈ အရ) ဖမ်းဝရမ်းတစ်စုံတစ်ရာမရှိပဲ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးကြား ဆက်သွယ်ရေးကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခွင့် အပြင် (ပုဒ်မ ၈ အရ) ဖမ်းဝရမ်းမပါပဲ ကြားဖြတ်ဖမ်းယူထားသည့် ဆက်သွယ်ရေးသတင်းအချက်အလက်များအား တောင်းယူ၊ သိမ်းယူခွင့်များကို ရရှိခဲ့ကြသည်။

---

15 (Global New Light of Myanmar, ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်) ၏ "ရက်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ" ၂၀၂၁ ခုနှစ်၊ မေလ ၂၅ ရက်နေ့ https://www.gnlm.com.mm/fourth-amendment-of-the-ward-or-village-tract-administration-law/> ("GNLM, "ရက်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ").

16 ibid.

17 (Global New Light Of Myanmar, ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့) "နိုင်ငံသားများ၏လျှို့ဝှက်ချက်နှင့် လုံခြုံရေး ကိုကာကွယ်ပေးသည့်ဥပဒေ ပြင်ဆင်ချက်" ၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့ https://www.gnlm.com.mm/amendment-of-law-prote cting-the-privacy-and-security-of-the-citizens/> ("GNLM, နိုင်ငံသားများ၏လျှို့ဝှက်ချက်နှင့် လုံခြုံရေး ကိုကာကွယ်ပေးသည့်ဥပဒေ ပြင်ဆင်ချက်"); (Myanmar Centre for Responsible Business, ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်) "နိုင်ငံသားများ၏လျှို့ဝှက်ချက်နှင့် လုံခြုံရေးကိုကာကွယ်ပေးသည့်ဥပဒေ ပြင်ဆင်ချက်" ("MCRB, "နိုင်ငံသားများ၏လျှို့ဝှက် ချက်နှင့် လုံခြုံရေး ကိုကာကွယ်ပေးသည့်ဥပဒေ ပြင်ဆင်ချက်") ss ၅, ၇, ၈, https://www.myanmar-responsiblebusiness.org/pdf/Law-Protecting-Privacy-and-Security-of-Citizens_en_unofficial.pdf>

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၂၁ သည် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ ပြင်ဆင်ချက်များထဲမှ တချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) အား ပြင်ဆင်ထားခြင်းဖြစ်သည်။** ပုဒ်မ ၅၀၅(က) တွင် အများပြည်သူ သို့မဟုတ် ပြည်သူများအား ထိန့်လန့်စေရန် ကြံရွယ်လျှင်၊ မမှန်သတင်း ဖြန့်ဝေလျှင်၊ သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦးအား ၎င်းတို့၏ စိတ်ဓါတ်တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု သို့မဟုတ် ကျန်းမာမှုများအား ထိခိုက်စေရန်၊ ယုတ်လျော့စေရန်၊ ပျက်စီးစေရန် ဖြစ်တန်သော သို့မဟုတ် ဖြစ်ပေါ်စေပါက အာဏာပိုင်များအနေဖြင့် ထိုလူပုဂ္ဂိုလ်များအား တရားစွဲဆိုခွင့်ရှိသည်။[18]

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၂၁ သည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပ ဒေကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။** ဤအကျဉ်းချုပ်စာတမ်းနှင့် သက်ဆိုင်မှုရှိသည့်အချက်မှာ ၂၀၁၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ပုဒ်မ ၃၈ အား ထည့်သွင်းထားခြင်းဖြစ်သည်။[19]

- ပုဒ်မ ၃၈ (ခ) တွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ သတင်းအချက်အလက်များအား ကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်သော ရာဇဝတ်မှုဆိုင်ရာ အရေးယူပိတ်ဆို့မှုများအား ဖော်ပြထားသည်။ အသေးစိတ်ဖော်ပြရလျှင် လူတဦး (လူ – က) သည် အခြားသူတဦး (လူ – ခ) ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား (လူ – ခ) ၏ ခွင့်ပြုချက်မပါပဲ အချက်အလက်ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်စီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများပြုလုပ်ပါက (လူ – က) အနေဖြင့် အပြစ်ပေးအရေးယူခြင်းခံရမည်။

- ပုဒ်မ ၃၈ (ဂ) တွင် ဆိုက်ဘာနယ်ပယ်တွင် "အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်" ရည်ရွယ်၍ "သတင်းတုနှင့် သတင်းမှား" ပြုလုပ်ဖန်တီးသူမည် သူမဆို အပြစ်ပေးအရေးယူခြင်းခံရမည်။

- ပုဒ်မ ၃၈ (ဃ) တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး

---

[18] ရာဇဝတ်မှုကျူးလွန်သည့် အမှုစာရင်းအပြည့်အစုံကို "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် (၅/၂၀၂၁) ရာဇသတ်ကြီးပုဒ်မကိုပြင်ဆင်သည့်ဥပဒေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၂၁) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ" တွင်ကြည့်ပါ။ (International Center for Not For Profit Law, 2021) ("ICNL, "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် (၅/၂၀၂၁) ရာဇသတ်ကြီးပုဒ်မကိုပြင်ဆင်သည့်ဥပဒေ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၂၁) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ") ၂၀၂၁ခုနှစ်၊ ဖွန်လ ၂၁ရက်နေ့ https://www .icnl.org/resources/library/state-administration-council-law-no-5-2021-law-amending-the-penal-code-and-state-administration-council-law-no-6-2021-law-amending-the-code-of-criminal-procedure>

[19] (Free Expression Myanmar) ၏ အီ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ အပြည့်အစုံ "အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ" တွင်ရရှိနိုင်သည်။ ("FEM, အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ [တရားဝင် ဘာသာပြန်ခြင်းမဟုတ်ပါ]" ၂၀၂၁ခုနှစ်၊ မေလ ၃၀ရက်နေ့ https://freeexpressio nmyanmar. org/wp-content/upload s/2021/0 2/Electronic-Transaction-Law-Amendment-2021-EN-MM.docx.pdf>

အပြင် ပြဋ္ဌာန်းချက်တွင် အဓိပ္ပါယ်သတ်မှတ်ချက် မဖော်ပြထားသော ယူဆချက်များနှင့်ပတ်သက်သည့် ဆိုက်ဘာတိုက်ခိုက်မှုအမျိုးမျိုးနှင့် သက်ဆိုင်သည့် အပြစ်ပေးအရေးယူမှုများကို ရေးသားထားသည်။ အချို့သောဆိုက်ဘာတိုက်ခိုက်မှုများမှာ တစုံတဦးအား ၎င်းတို့၏ ကိုယ်ပိုင်ဆိုက်ဘာအရင်းအမြစ်များ ဖြစ်သည့် ကွန်ယက်ချိတ်ဆက်မှုများ၊ ကွန်ပြူတာနှင့် ဒစ်ဂျစ်တယ်အချက်အလက်များကို ရယူခွင့်မရှိအောင် တားဆီးခြင်း၊ (ဖြစ်နိုင်သည်မှာ အကယ်၍ ထိုပုဂ္ဂိုလ်သည် အာဏာပိုင်များမှ တရားမဝင်စောင့်ကြည့်နေ ခြင်းအား တားဆီးသည့်အခါများ)နှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခြင်းများ ပါဝင်သည်။

- ပုဒ်မ ၃၈ (c) သည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံတို့၏ ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေလိုသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် ဆိုက်ဘာနည်းပညာဆိုင်ရာ ရာဇဝတ်မှုများနှင့် ပတ်သက်သော ပြစ်ဒဏ်များဖြစ်သည်။ ဤဆိုက်ဘာနည်းပညာဆိုင်ရာ ရာဇဝတ်မှုများတွင် "ဆိုက်ဘာအရင်းအမြစ်များအား ခွင့်ပြုချက်မရှိပဲ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း" စသော ရှင်းလင်းပြတ်သားမှုမရှိသည့် စကားအသုံးအနှုန်းများ ပါဝင်သည်။

# ၄။ အသုံးချနိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေများ

## (က) ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများ ကို အဓမ္မနည်းဖြင့် သို့မဟုတ် ဥပဒေမဲ့ ဝင်ရောက်စွက်ဖက်ခြင်းအား တားမြစ်ခြင်း

မြန်မာနိုင်ငံသည် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာသဘောတူညီချက်စာချုပ် (CRC) ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုသဘောတူညီချက် စာချုပ်၏ အပိုဒ် ၁၆ (၁) တွင် "ကလေး ငယ်များအနေဖြင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူ ကိစ္စများနှင့်ပတ်သက်ပြီး အဓမ္မနည်းဖြင့် သို့မဟုတ် တရားမဝင် ဝင်ရောက်စွက်ဖက်ခံရခြင်း၊ သို့မဟုတ် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားအား တရားမဝင် တိုက်ခိုက်ထိုးနှက်ခံရခြင်း မရှိစေရ။" ဟူ၍ မြန်မာနိုင်ငံအတွက် ဥပဒေအရ လိုက်နာရမည့်ဝတ္တရားများကို ချမှတ်ထားသည်။[20] ထို့အပြင် အပိုဒ် ၁၆ (၂)အရ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များအား အပိုဒ် ၁၆ (၁) ပါ အချက်များမှ အကာအကွယ်ပေးနိုင် ရန်အတွက် ဥပဒေများပြဋ္ဌာန်းပေးရန် လိုအပ်သည်။[21] နောက်ဆုံးတွင် မြန်မာနိုင်ငံအနေဖြင့် သင့်လျော်သည့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်မှုများမှတဆင့် ကလေးများအား ဦးစားပေးထည့်သွင်း စဉ်းစားခြင်း[22] ဖြင့် အကောင်းဆုံးလုပ်ဆောင်ပေးပြီး ပုဒ်မ(၁၆) အောက်ရှိ ထိုအခွင့်အရေးများအား "လေးစားရန်နှင့် လိုက်နာရန်"[23] ဝတ္တရားရှိသည်။[24]

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံတခုလည်းဖြစ်သည်။ အပိုဒ် ၁၂ တွင်မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကိုသော် လည်းကောင်း၊ မိမိ၏မိသားစုကိုသော်လည်းကောင်း၊ မိမိ၏နေအိမ်အသိုက်အဝန်း ကိုသော်လည်းကောင်း၊ စာပေးစာယူကိုသော်လည်း ကောင်း၊ မည်သူမျှ ဥပဒေအရမဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်းမခံစေရ။ ထို့အပြင် မိမိ၏ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ဝင် ရောက်စွက်ဖက်ခြင်းမှသော်လည်းကောင်း ဥပဒေအရ ခုခံကာကွယ်ပိုင်ခွင့်ရှိသည်။"[25] ထိုနည်းတူစွာပင် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၂ ကဲ့သို့ပင် အလားတူပြဋ္ဌာန်းချက် ပါဝင်သည့်အပြင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား

---

[20] ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူညီချက် (၁၉၈၉ခုနှစ်၊ နိုင်ငံဘာလ ၂၀ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁၉၉၀ခုနှစ်၊ စက်တင်ဘာလ ၂ရက်နေ့တွင် စတင်ကျင့်သုံးလာခဲ့သည်) ၁၅၇၇ UNTS ၃ ("CRC") အပိုဒ် ၁၆ (၁).

[21] Ibid အပိုဒ် ၁၆ (၂) ("ကလေးသူငယ်များသည် စွက်ဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများမှ ဥပဒေ၏ အကာအကွယ်ကို ရပိုင်ခွင့် ရှိသည်။")

[22] ibid အပိုဒ် ၂.

[23] Ibid အပိုဒ် ၃.

[24] Ibid အပိုဒ် ၄; (၁၉၉၂ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်နေ့) ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်များအခွင့်အရေးကော်မတီ၊ "ဒု တိယအကြိမ်အစည်းအဝေးအစီရင်ခံစာ" UN DOC CRC/C/၁၀ ("ကလေးသူငယ်များအခွင့်အရေးကော်မတီ, 'ဒုတိယ အကြိမ်အစည်းအဝေးအစီရင်ခံစာ") [၆၇].

[25] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈ ခုနှစ်၊ နိုင်ငံဘာလ ၁၀ ရက်တွင် အတည်ပြုခဲ့သည်။) UNGA Res ၂၁၇ A(III) art ၁၂) ("UDHR") အပိုဒ် ၁၂.

အစမ္မဝင်ရောက်စွက်ဖက်ခြင်းမှ အတိအလင်းအကာအကွယ်ပေးထားသည်။[26]

## (ခ) လွတ်လပ်ခွင့်အား မတရားသဖြင့် ပိတ်ပင်ခြင်းကို တားမြစ်ခြင်း

မြန်မာနိုင်ငံအား ဥပဒေကြောင်းအရ စည်းနှောင်ထားသည့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေတွင် လွတ်လပ်ခွင့်ကို မတရားသဖြင့်ဆုံးရှုံးခံရခြင်းကို လုံးဝတားမြစ်ထားပြီး မည်သည့်အခြေအနေမျိုးတွင်မဆို ကင်းလွတ်ခွင့်မရရှိနိုင်ပေ။[27] မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ (WGAD) အရ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ တားမြစ်ထားသောအချက်များတွင် လူပုဂ္ဂိုလ်တစ်ဦးဦးအား အစမ္မဖမ်းဆီးချုပ်နှောင်ခြင်းပါဝင်ပြီး အကျယ်ချုပ်ချထားခြင်းနှင့် လျှို့ဝှက် သို့မဟုတ် တိတ်တဆိတ်ဖမ်းဆီးခြင်း စသည့်သတ်မှတ်ချက်များ ပါဝင်သည်။[28] ထို့အပြင် ဖမ်းဆီးချုပ်နှောင်ခြင်းများကို ဥပဒေကြောင်းအရ လုပ်ဆောင်သော်လည်း မတရားသောဥပဒေလမ်းကြောင်းဖြင့် သို့မဟုတ် တရားမျှတမှုမရှိသောနည်းလမ်းဖြင့်ဆောင်ရွက်ပါက အစမ္မဖမ်းဆီးချုပ်နှောင်သည်ဟုယူဆနိုင်သည်။[29]

## (ဂ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်တွင် လွတ်လပ်စွာဖြင့် "စည်းသတ်မှတ်ချက်မရှိပဲ မည်သည့် သတင်းမီဒီယာမဆို သတင်းအချက်အလက်နှင့် အတွေးအခေါ်များ ရှာဖွေဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်" ရှိသည်။[30] အလားတူပြဋ္ဌာန်းချက်ကို အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၃ တွင်တွေ့ရှိနိုင်သည်။[31]

---

26 အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် အတည်ပြုခဲ့သည်။) ("AHRD") အပိုင်း၂၁ ("လူသားတိုင်းသည် သူ သို့မဟုတ် သူမ၏လျှို့ဝှက်ချက်၊ မိသားစု၊ အိမ် သို့မဟုတ် စာပေးစာယူ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များ သို့မဟုတ် လူသားတစ်ဦး၏ဂုဏ်နှင့် ဂုဏ်သိက္ခာများအား တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်းများ မှ ကင်းလွတ်ခွင့်ရှိရမည်။ လူသားအားလုံးသည် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တိုက်ခိုက်ခြင်းများမှ ဥပဒေအကာအကွယ် ရပိုင်ခွင့်ရှိရမည်။").

27 "ကမ္ဘာ့ကုလသမဂ္ဂ၏တရားမဝင်ဖမ်းဆီးချုပ်နှောင်မှုအပေါ်အထောက်အကူပြုရေးအဖွဲ့",(၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်) ကမ္ဘာ့ကုလသမဂ္ဂ Doc A/HRC/22/44 ("တရားမဝင်ဖမ်းဆီးချုပ်နှောင်မှုအပေါ်အထောက်အကူပြုရေးအဖွဲ့ တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်း အပေါ်အထောက်အကူပြုရေးအဖွဲ့၏အစီရင်ခံစာ, "တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်း အပေါ်အထောက်အကူပြုရေးအဖွဲ့၏အစီရင်ခံစာ'") [၄၂]–[၅၁]

28 ibid [၅၂]–[၆၀].

29 ibid [၆၃]

30 UDHR အပိုဒ် ၁၉.

31 AHRD အပိုဒ် ၂၃ ("လူသားအားလုံးသည် မိမိတို့၏ လွတ်လပ်စွာထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့်များ အပါအဝင် [...] ရရှိရေး၊ ရှာဖွေရေး၊ သတင်းအချက်အလက်များဝေငှခြင်း နှုတ်ဖြင့်သော်လည်းကောင်း၊ စာရေးသားခြင်းဖြင့်သော်လည်းကောင်း သို့မဟုတ် ထိုသူ၏မည်သည့်အခြားသော ကြားခံရွေးချယ်မှုများကို ရပိုင်ခွင့်ရှိသည်။")

မြန်မာနိုင်ငံသည်နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်[32] (ICCPR) အား လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား လူ့အခွင့်အရေးကော်မတီ၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၉ မှတဆင့် နားလည်နိုင်သည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတွင်ပါရှိသည့် တူညီသည့် အကာအကွယ်ပေးမှုများအား ထပ်ဆင့်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ လူ့အခွင့်အရေးကောင်စီအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် သတင်းအချက်အလက်များအား ပုံစံမျိုးစုံဖြင့် ဆက်သွယ်မှုများပြုလုပ်ကာ ထုတ်ဖော်ပြသခွင့်နှင့် လက်ခံရယူခွင့်များ ပါဝင်သည်ကို လက်ခံထားသည်။[33] ဥပဒေနှင့်အညီ အခွင့်အရေးများအား ပိတ်ပင်ရာတွင် အခြားသူများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်၊ နိုင်ငံတော်လုံခြုံရေးနှင့် အမိန့်ကြေညာချက်များ၊ လူထုကျန်းမာရေးသို့မဟုတ် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကန့်သတ်ထားခြင်းသာ ဖြစ်သင့်သည်။[34] ထို့အပြင် ပိတ်ပင်တားမြစ်မှုများသည် ဥပဒေနှင့်ညီစေရန်အတွက် လိုအပ်ချက်သုံးရပ် (လုပ်ဆောင်ရန် အပိုင်းသုံးပိုင်း) ရှိသည်။ ၁) ၎င်းတို့သည် တည်ဆဲဥပဒေကို ရည်ညွှန်းထားရမည်။ ဆိုလိုသည်မှာ လူတစ်ဦးချင်းအား ၎င်းတို့၏အပြုအမူများကို ထိန်းညှိနိုင်ရန်အတွက် တိကျစွာရေးဆွဲထားရမည်။[35] ၂) တရားဝင်ပြဋ္ဌာန်းရန် လိုအပ်ချက်ကြောင့် ဖြစ်ရမည်။[36] ၃) ၎င်းတို့၏ အကာအကွယ်ပေးမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးစီးပွားမှာ အချိုးမျှတမှုရှိရမည်။[37]

32 HRC သည် ICCPR ၏ နိုင်ငံတော်ပါတီများအား အကောင်အထည်ဖော်ဆောင်စောင့်ကြည့်သည့် လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖြစ်သည်, “လူ့အခွင့်အရေးကော်မတီ” တွင်ကြည့်ပါ။ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ https://www.ohchr.org/en/hrbodies/ ccpr/pages/ccprindex .aspx>

33 UNHRC “အထွေထွေမှတ်ချက် အမှတ် ၃၄: အပိုဒ် ၁၉: လွတ်လပ်စွာထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့်” UN Doc CCPR/C/GC/34 (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့) (“UNHRC, ‘အထွေထွေမှတ်ချက် အမှတ် ၃၄: အပိုဒ် ၁၉: လွတ်လပ်စွာထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့်”) [၁၁]

34 ipid [၂၁]

35 ipid [၂၂], [၂၅]

36 ipid [၃၃]

37 ipid [၃၄]

# ၅။ လေ့လာသုံးသပ်ခြင်း

## (က)အခမဲ့စီးနင်းဝင်ရောက်ခြင်းများ၊ ဖမ်းဆီးခြင်းများနှင့်ချုပ်နှောင်ခြင်းများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရခြင်း

နိုင်ငံအား အခိုင်အမာထိန်းချုပ်နိုင်ရန်လုပ်ဆောင်ရာတွင် သဘောထားကွဲလွဲမှုများအားတားဆီးနိုင်ရန် အသုံးပြုသည့် စစ်ကောင်စီ၏ နည်းဗျူဟာများထဲမှ တစိတ်တပိုင်းမှာ ၎င်း၏အုပ်ချုပ်မှုအား ဆန့်ကျင်သည်ဟု သံသယရှိသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များအား တရားမဝင်ရယူကာ အခမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များမှ မိုဘိုင်းလ်ဖုန်းများအား အခမဲ့ယူငင်စစ်ဆေးပြီး စစ်အာဏာရှင်အား ဆန့်ကျင်သည်ဟု ယူဆရသော သက်သေတစုံတရာတွေ့ရှိပါက ပြည်သူများအား အခမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် လုံခြုံရေးအဖွဲ့များသည် ဆန္ဒပြသူများ၊ အတိုက်အခံပါတီဝင်များ၊ ကျန်းမာရေး လုပ်သားများနှင့် ရှေ့နေများ စသည့် စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် ပူးပေါင်းပါဝင်သူမည်သူ့ကိုမဆိုဖမ်းဆီးထိန်းသိမ်းရန်အတွက် နေအိမ်များနှင့် ရုံးခန်းများအတွင်းသို့ ဖမ်းဝရမ်းမပါပဲဝင်ရောက်စစ်ဆေးလေ့ရှိသည်။[38] စစ်ကောင်စီသည် ကလေးများကိုပင် အခမဲ့ဖမ်းဆီးထိန်းသိမ်းသည်အထိ လုပ်ဆောင်ကြသည်။ မတ်လ ၂၂ ရက်နေ့တွင် Save the Children အဖွဲ့အစည်း တစ်ခုတည်းမှ တင်ပြချက်အရ ၎င်းတို့အနေဖြင့် ကလေးသူငယ်များအား ဖမ်းဆီးထိန်းသိမ်းမှု စုစုပေါင်း ၁၄၆ ခု ကိုတုန့်ပြန် ဆောင်ရွက်ခဲ့ပြီး ထိုအမှုများထဲမှ ၁၇ မှုမှာ ဆက်လက်ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံထားရဆဲဖြစ်သည်။[39] ထိုနည်းတူ စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ကလေးငယ်ပေါင်း ၅၀၀ ကျော် အခမဲ့ထိန်းသိမ်းခြင်း ခံခဲ့ရကြောင်းကို ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်းများမှ ခန့်မှန်းထားကြောင်း UNICEF မှ မတ်လ ၄ ရက်နေ့တွင်တင်ပြခဲ့ပါသည်။ ထိုသို့ဖမ်းဆီးချုပ်နှောင်ခံရသူအများစုမှာ ပြင်ပနှင့်အဆက်အသွယ် ဖြတ်တောက်ခြင်း ခံထားရ

[38] (လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့, ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့)Frontier Myanmar ၏ "တံခါးမဖွင့်ပါနဲ့: အာဏာသိမ်းစစ်တပ်၏ သန်းခေါင်ယံဝင်ရောက်စီးနင်းမှုမှ အကြောက်တရားနှင့် တော်လှန်ခုခံမှုပေါ်ပေါက်လာ" (n ၅); မြန်မာ: ဆန္ဒပြမှုများပြားလာခြင်းကြောင့် ဖမ်းဆီးမှုများပြားလာခြင်း" ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ https://www .hrw. org /news/2 021/02 /13/myanmar-arrests-mount-protests-expand>; Channel News Asia ၏ (၂၀၂၁ခုနှစ်၊ မတ်လ ၉ရက်နေ့) "လုံခြုံရေးတပ်ဖွဲ့များ၏ ပိတ်စို့မှုကိုခံခဲ့ရာပြီးနောက် မြန်မာနိုင်ငံရှိဆန္ဒပြသူများ ရန်ကုန်မှစွန့်ခွါ" ၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့ https://www.channeln ewsasi a.com/news/asia/myanmar-forces-trap-protesters-as-un-and-us-urge-restraint-14364616 The Irrawaddy ၏ (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့) " မြန်မာအစိုးရ၏ ညဖက်စတင်စီးနင်းမှုဆောင်ရွက်ခြင်းများ၊ အရပ်သားများနှင့် ဆန့်ကျင်သူအဖွဲ့များ အားဖမ်းဆီးခြင်း" (၂၀၂၁ခုနှစ်၊ မတ်လ ၁၀ရက်နေ့) <https://www.irrawaddy.com/news/burma/myanmar-regime-steps-crackdown-ahead-mondays-general-strike.html> Channel News Asia ၏ (၂၀၂၁ခုနှစ်၊ မတ်လ ၁၀ ရက်နေ့) "လုံခြုံရေး တပ်ဖွဲ့များမှ မြန်မာပြည်ဆန္ဒပြသူများအား ခရိုင်အလိုက်ရှာဖွေခြင်း" ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ <https://www .channelnewsasia.com/news/asia/security-forces-search-myanmar-protest-district-room-by-room-14372298>

[39] (Save the Children, ၂၀၂၁ခုနှစ်၊ မတ်လ ၂၃ရက်နေ့) ၏ "အစီရင်ခံစာတွင် မြန်မာစစ်တပ်အာဏာသိမ်းမှု၌ လုံခြုံရေးတပ်ဖွဲ့၏ သတ်ဖြတ်ခြင်းခံရသူမှာ အသက် ၆ နှစ်အရွယ်ရှိ အသက်အငယ်ဆုံးဖြစ်သည့် ကလေးမလေးဖြစ်သည့်ဟုဆို" ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ <https://www.savethechildren.net/news/myanmar%E2%80%99s-military-coup-claims-its-youngest-victim-date-6-year-old-girl-reportedly-killed>

ကြပါသည်။[40]

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးချုပ်နှောင်ခြင်းများအား ရှောင်တိမ်းရန်အတွက် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သော ဆန္ဒပြသူများ၊ တက်ကြွလှုပ်ရှားသူများ၊ အာဏာဖီဆန်ရေး လှုပ်ရှားမှု(CDM)တွင် ပါဝင်သူများသည် ဆွေမျိုးသားချင်း ၊ မိတ်ဆွေသူငယ်ချင်းများနှင့် အခြားသောဒေသခံများထံတွင် ခိုလှုံနေထိုင်ကြသည်။[41] သို့သော်လည်း တရားခံပြေးအဖြစ် စစ်ကောင်စီမှ ယူဆထားသူများကို လက်ခံခိုလှုံခွင့်ပေးပါက လက်ခံထားသူများကိုလည်း ဖမ်းဆီးမည်ဟု လုံခြုံရေးတပ်ဖွဲ့များကသတိပေး ခြိမ်းခြောက်ခဲ့ပါသည်။[42] မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာများတွင် လုံခြုံရေးတပ်ဖွဲ့များသည် ၎င်းတို့ ဖမ်းဆီးရမည့်သူများအား ဝင်ရောက်စီးနင်းရှာဖွေသည့်အချိန်တွင် ထိုသူများအားမတွေ့ပါက ၎င်းတို့၏မိသားစုဝင်များနှင့် မိတ်ဆွေသူငယ်ချင်းများကို ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခေါ်ဆောင်သွားကြပါသည်။[43]

ဖမ်းဆီးထိန်းသိမ်းခံထားခဲ့ရသူများက လုံခြုံရေးတပ်ဖွဲ့များ၏ ညှဉ်းပမ်းနှိပ်စက်မှုကိုလည်း ခံရကြောင်း တင်ပြခဲ့ကြသည်။ ထိုသို့ ညှဉ်းပမ်းနှိပ်စက်မှုများတွင် ရိုက်နှက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်စေသည့်အ

40 (UNICEF, ၂၀၂၁ခုနှစ်၊ မတ်လ ၄ရက်) ၏ “မြန်မာနိုင်ငံ၏ ဆက်လက်ဖြစ်ပွားနေသည့်အကျပ်အတည်းအပေါ် လုံခြုံရေးတပ်ဖွဲ့များမှ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းများ နှင့် တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်းများအား UNICEF မှ ပြစ်တင်ရှုတ်ချ” ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့<https://www.unicef.org/press-releases/unicef-condemns-killings-and-arbitrary-detentions-children-securit y-forces-during>

41 The Irrawaddy (၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ရက်နေ့) ၏၊ ဥပမာ – မြန်မာနိုင်ငံ၏ မြို့တော် ၂၂၂၂၂ ဆန္ဒပြမှုတွင် လူ ၂၀ အထက်မှ လုံခြုံရေးတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရ” ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့ <https://www.irrawaddy.com/news/burma/20-people-arrested-security-forces-break-22222-protest-myanmars-capital.html> Channel News Asia (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့) ၏ “မြန်မာစစ်အစိုးရမှ ထွက်ပြေးတိမ်းရှောင်နေသည့် ဆန္ဒပြသူများကို မဖွက်ထားရန် ပြည်သူများ အားသတိပေး” ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့ <https://www.channelnewsasia.com/news/asia/myanmar-coup-junta-fugitive-protesters-overnight-guests-14193522> (“CNA, မြန်မာစစ်အစိုးရမှ ထွက်ပြေးတိမ်းရှောင်နေသည့် ဆန္ဒပြသူများကို မဖွက်ထားရန် ပြည်သူများအားသတိပေး“)

42 Southeast Asia Globe (၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့) ၏၊ ဥပမာ – CAN တွင်ကြည့်ပါ။, “မြန်မာစစ်အစိုးရမှ ထွက်ပြေးတိမ်းရှောင်နေသည့် ဆန္ဒပြသူများကို မဖွက်ထားရန် ပြည်သူများအားသတိပေး”; Eustace jones, “ဝိုင်းရံခံထားရသည့်မြို့နယ်: စမ်းချောင်းတွင် နေထိုင်သူများမှ တိုက်ခိုက်ခံရမှုကိုပြန်လည်ပြောပြ” ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ <https://southeastasiaglobe.com/sanchuang-siege-myanmar/>; Myanmar Now (၂၀၂၁ ခုနှစ်၊ မတ်လ ၉ရက်နေ့) ၏ “ဝိုင်းရံခံထားရသည့် စမ်းချောင်းတွင် ဆန္ဒပြသူအများစု မှ ထွက်ပြေးတိမ်းရှောင်ရန် စီစဉ်” ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့ <https://www.myanmar-now.org/en/news/most-protesters-manage-to-escape-sanchaung-under-siege>

43 ဥပမာ, Khin Maung Nyane and Joshua Lipes , “မြန်မာလုံခြုံရေးတပ်ဖွဲ့များမှ စီးနင်းမှုများတွင် ၎င်းတို့ဖမ်းဆီးမှုမပြုလုပ်နိုင်သည့် စစ်အာဏာရှင်ကန့်ကွက်သည့် တက်ကြွလှုပ်ရှားသူများ၏ ဆွေမျိုးများအား ဖမ်းဆီးခြင်း.” ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ Radio Free Asia https://www .rfa.org/en glish/news/myanmar/arrests-06072021192645.html; (လူ့အခွင့်အရေးစောင့်ကြည့်ရေး, ၂၀၂၁ခုနှစ်၊ ဇွန်လ ၅ရက်နေ့) ၏ “မြန်မာ: မိသားစု, သူငယ်ချင်းများအား ဓားစားခံအဖြစ်အသုံးပြုမှု ရပ်တန့်ပါ။” ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၅ရက်နေ့ <https://www.hrw.org/news/2021/06/14/myanmar-stop-holding-family-friends-hostage>

ပြုအမူများကိုလုပ်ခြင်းနှင့် အရှင်လတ်လတ်မြေမြှုပ်ခြင်း စသည်တို့ပါဝင်သည်။[44] အချို့သော ဖမ်းဆီးထိန်းသိမ်းခံရသူများမှာ အသက်သေဆုံးသည့်တိုင်အောင် ညှဉ်းပမ်းနှိပ်စက်ခံရခြင်းတို့ကို ခံစားခဲ့ကြရပါသည်။[45] ထို့အပြင် လုံခြုံရေးတပ်ဖွဲ့များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများအား စစ်ဆေးမေးမြန်းမှုတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်ဟု အစီရင်ခံစာများတွင် ဖော်ပြထားသည်။[46] ဖြစ်ရပ်တစ်ခုတွင် အမျိုးသမီးအဖြစ်ခံယူထားသည့် လိင်ပြောင်းအမျိုးသားတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့များမှအဝတ်များချွတ်ပြီး သူ၏ကိုယ်အင်္ဂါထဲသို့ ပုလင်းဖြင့်ထိုးသွင်းကာ အဓမ္မပြုကျင့်ခဲ့ကြသည်။[47] ဤသို့ ညှဉ်းပမ်းနှိပ်စက်မှုများ၊ နေအိမ်များသို့ စီးနင်းဝင်ရောက်မှုများနှင့် အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်းများသည် စစ်ကောင်စီ၏ စတုတ္ထအကြိမ်မြောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဌာန်းချက်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးသည့်ဥပဒေအား ပြင်ဆင်ပြဌာန်းချက်နှင့်အတူ ပေါ်ပေါက်လာသည်။ ပြဌာန်းချက်များတွင် ပါဝင်သော အကြောင်းအရာများအရ စစ်ကောင်စီသည် ၎င်း၏လုံခြုံရေးတပ်သားများကို စီးနင်းဝင်ရောက်ခြင်းများပြုလုပ်နိုင်ရန်အပြင် မည်သူ့ကိုမဆို အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းများကို အပြစ်ပေးအရေးယူခြင်းမခံရပဲ ဖော်ပြပါ ဥပဒေများကဲ့သို့ တရားမဝင်လုပ်ဆောင်နိုင်ခွင့်ရရှိနိုင်ရန်အတွက် ထိုပြင်ဆင်ချက်များအား လုပ်ဆောင်ခဲ့ကြောင်း ယူဆနိုင်သည်။ တချိန်တည်းမှာပင် ဤပြင်ဆင်ပြဌာန်းချက်များသည် ကလေးသူငယ်များ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများနှင့် ပတ်သက်ပြီး အဓမ္မနည်းဖြင့် ဝင်ရောက်စွက်ဖက်ခံရခြင်းကို အကာအကွယ်ပေးထားသည့် သဘောတူညီချက်စာချုပ်နှင့် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းကို အကာအကွယ်ပေးသော နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ မြန်မာနိုင်ငံမှလိုက်နာရမည့်တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်လျက်ရှိသည်။ ဤပြင်ဆင်ပြဌာန်းချက်များသည် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါဝင်သည့် တူညီသော မူဘောင်အချက်များနှင့်လည်း ကိုက်ညီခြင်းမရှိပါ။

---

44 ဥပမာ, လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တွင်ကြည့်ပါ။, "မြန်မာ: ဆယ်ကျော်သက်များမှပြောပြသည့် ညှဉ်းပမ်း နှိပ်စက်ခြင်းနှင့် လျောင်ပြောင်သရော်ခြင်း" (n ၆); SCMP, "သူသည် မြန်မာအာဏာသိမ်းစစ်တပ်၏ ညှဉ်းပမ်းနှိပ်စက်ခြင်းခံခဲ့ရကြောင်း US တည်းဖြတ် Nathan Maung ဆို" (n ၆)

45 ဧရာဝတီ, " အာဏာသိမ်းစစ်တပ်၏ အချုပ်ထဲတွင် သေဆုံးသည့်အထိ ညှဉ်းပမ်းနှိပ်စက်ခံခဲ့ရသည်" (n ၆)

46 (ဧရာဝတီ, ၂၀၂၁ခုနှစ်၊ ဧပြီလ ၂၄ရက်) ၏ "ထိန်းသိမ်းခံရသည့်အမျိုးသမီးများမှ လိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုခံရခြင်း၊ စစ်ဆေးမေး မြန်းနေစဉ်နှိပ်စက်ခံရခြင်း; အကျဉ်းသားဖော်ဟောင်း" ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့ <https://www.irrawaddy .com/news/ burma/female-detainee-sexually-assaulted-tortured-interrogation-former-cellmate.html> (လူ့အခွင့် အရေး စောင့်ကြည့် ရေးအဖွဲ့, ၂၀၂၁ခုနှစ်၊ ဇွန်လ ၈ရက်နေ့) ၏ (ဧရာဝတီ, ထိန်းသိမ်းခံရသည့်အမျိုးသမီးများမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရခြင်း"); " မြန်မာ ထောင်များတွင် အကြမ်းဖက်ခြင်းခံရသည့် အမျိုးသမီးများ၏ အခွင့်အရေး" ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ https://www.hrw.org/news/2021/06/08/rights-women-violated-myanmar-prisons ("မြန်မာ ထောင်များတွင် အကြမ်းဖက်ခြင်းခံရသည့် အမျိုးသမီးများ၏ အခွင့်အရေး").

47 ဧရာဝတီ, "မြန်မာ LGBTIQ အသိုင်းအဝိုင်းတွင် အာဏာသိမ်းစစ်တပ်၏သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများကိုကြုံတွေ့နေရမှု") (n ၁၃)CrC art ၁၆ (၁)

၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇ သည် မြန်မာနိုင်ငံ၏ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများအား ချိုးဖောက်လျက်ရှိပြီး အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတို့နှင့်လည်း ကိုက်ညီမှု မရှိခြင်း

စစ်ကောင်စီ၏ စတုတ္ထအကြိမ် ပြင်ဆင်သည့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၁၇ အား ပြင်ဆင်ပြဋ္ဌာန်းချက်တွင် ညဥ့်အိပ်ညဥ့်နေဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားရန်လိုအပ်သည့်အချက်သည် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၁၆ ပါ မြန်မာနိုင်ငံမှ လိုက်နာရမည့် တာဝန်ဝတ္တရားအား ချိုးဖောက်လျက်ရှိသည်။ ပုဒ်မ ၁၇ ဥပဒေပြင်ဆင်ချက်အား ကလေးသူငယ်များအပေါ် ကျင့်သုံးခြင်းသည် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်[48] အပိုဒ် ၁၆ (၁) တွင်ပါဝင်သည့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူ ကိစ္စများနှင့်ပတ်သက်ပြီး ကလေးသူငယ်များ အားအဓမ္မနည်းဖြင့် သို့မဟုတ် တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်နှင့်ဆန့်ကျင်နေသည်။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)[49] ၏ အပိုဒ် ၁၇ (၁) တွင် ပါ သော လူ့အခွင့်အရေး ကော်မတီမှသတ်မှတ်ထားသည့် "တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်း" အဓိပ္ပါယ်ဖွင့်ဟချက်သည် မြန်မာနိုင်ငံမှ ချိုးဖောက်လျက်ရှိသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၆ နှင့် သက်ဆိုင်မှုရှိသည်။ အကြောင်းမှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၆ (၁) သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ် ၁၇ (၁) တွင် ပါသော အလားတူအခွင့်အရေးအား ကာကွယ်ပေးထားသည်။ ခြားနားချက်မှာ အပိုဒ် ၁၆ (၁) သည် ကလေးသူငယ်များအား အထူးအလေးပေးထားသည်။ အထူးသဖြင့် "တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်း" ၏အဓိပ္ပါယ်ဖော်ပြချက်တွင် လူပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု သို့မဟုတ် နေအိမ်အားအကာအကွယ်ပေးသည့် "ပြဋ္ဌာန်းချက်များ၊ ရည်မှန်းချက်များ နှင့်ရည်ရွယ်ချက်များ" နှင့် ဆန့်ကျင်သည့် ဥပဒေများပါဝင်သည်။[50] ထို့အတွက် ပုဒ်မ ၁၇ အား ပြင်ဆင်ချက်သည် အပိုဒ် ၁၆ (၁) တွင်ပါရှိသော "တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်း" ၏ အဓိပ္ပါယ်နှင့် တူညီသည်။ ထို့အပြင် ပြင်ဆင်ရေးဆွဲထားသည့် ပုဒ်မ ၁၇ သည် ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူ ကိစ္စများနှင့်ပတ်သက်ပြီး အဓမ္မနည်းဖြင့် သို့မဟုတ် တရားမဝင်ဝင်ရောက်စွက်ဖက်ခြင်းအား တားမြစ်ထားချက်များကိုဆန့်ကျင်သည့် ဝင်ရောက်ရှာဖွေခြင်းများနှင့် အဓမ္မကျူးကျော်ခြင်းများအား ခွင့်ပြုလျက်

48 CRC အပိုဒ် ၁၆ (၁)

49 နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (၁၉၆၆ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုခဲ့ပြီး,၁၉၇၆ခုနှစ်၊မတ်လ ၂၃ရက်နေ့တွင်ကျင့်သုံးခဲ့သည်။) ၉၉၉ UNTS ၁၇၁ အပိုဒ် ၁၇ ("မည်သူတစ်ဦးတစ်ယောက်မျှ မတရားဖမ်းဆီးခြင်း သို့မဟုတ် ဥပဒေမဲ့ ၎င်း၏ လျှို့ဝှက်ချက်၊ မိသားစု၊ နေအိမ် သို့မဟုတ် အသွင်သဏ္ဌာန်တူသည့် လုပ်ရပ်များအား မကျူးလွန်ရ [...]")။

50 UNHRC "အထွေထွေမှတ်ချက် အမှတ်. ၁၆: အပိုဒ် ၁၇ (လျှို့ဝှက်ချက်၊ မိသားစု၊ အိုးအိမ် နှင့် အသွင်သဏ္ဌာန်တူသည့် လုပ်ရပ်များအား လေးစားသည့် အခွင့်အရေး နှင့် ဂုဏ်တင်ခြင်း နှင့် ဂုဏ်သိက္ခာများမှ အကာအကွယ်ပြုခြင်း )" UN Doc HRI/GEN/1/Rev.9 (၁၉၈၈ခုနှစ်၊ ဧပြီလ ၈ရက်) [၄] ၂၀၂၁ခုနှစ်၊ မေလ ၃၁ရက်တွင် ရရှိသည်။ <https:/ /www. Refw orld. org/docid/453883f922.html> CRC art ၁၆ (၂).

ရှိသည်။ ထို့အပြင် ကလေးသူငယ်များအတွက် "ထိုသို့သော ဝင်ရောက်စွက်ဖက်ခြင်းများအား ဆန့်ကျင်သည့်ဥပဒေအား အကာအကွယ်ပေးခွင့်" ကို အာမခံချက်ပေးထားသည့် အပိုဒ် ၁၆ (၂) နှင့် ဆန့်ကျင်နေသည်။[51]

ထို့အပြင် ပြင်ဆင်ချက်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၂ နှင့် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း[52] အပိုဒ် ၂၁ တွင် ပြဋ္ဌာန်းထားသည့် အခြေခံမူများနှင့်လည်း ဆန့်ကျင်လက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၂ တွင် ပြဋ္ဌာန်းထားချက်နှင့် အလားတူစွာ အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၁ တွင် "လူတိုင်း မိမိတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများနှင့်ပတ်သက်ပြီး အဓမ္မနည်းဖြင့် သို့မဟုတ် တရားမဝင်ဝင်ရောက်စွက်ဖက် ခြင်းမှကင်းလွတ်ခွင့်ရှိသည်။" ဟု ဖော်ပြထားသည်။[53]

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၏ ပုဒ်မ ၅ နှင့် ၈ ကို ရပ်ဆိုင်းခြင်းသည် ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများနှင့် ပတ်သက်ပြီး အဓမ္မနည်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်းအား တားမြစ်ခြင်းနှင့် ဆန့်ကျင်လျက်ရှိသည်။
စစ်ကောင်စီမှ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ[54] ၏ ပုဒ်မ ၅ နှင့် ၈ ကို ရပ်ဆိုင်းခြင်းသည် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၆ အပါအဝင် စာချုပ်ပါအခွင့်အရေးများအား "လေးစားလိုက်နာကာ ဖြည့်ဆည်းပေးရန်"[55] ဟူသည့် မြန်မာနိုင်ငံမှ မဖြစ်မနေလိုက်နာရမည့် ဝတ္တရားများ[56] ကိုဆန့်ကျင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် သင့်လျော်သည့်ဥပဒေပြဋ္ဌာန်းမှုများပြု လုပ်ပြီး မည်သည့်ကိစ္စရပ်များတွင်မဆို ကလေးသူငယ်များအတွက် ဦးစားပေးစဉ်းစားပေးခြင်းဖြင့် အကောင်းဆုံးလုပ်ဆောင်မှုများဖြင့် ကလေးသူငယ်တိုင်း ထိုအခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ရမည်။[57]

ထို့အပြင် ထိုပြင်ဆင်ချက်များသည် အာဏာပိုင်များအားဖမ်းဝရမ်းမပါပဲ နိုင်ငံသားတိုင်း၏ ပုဂ္ဂလိကဘဝ

[51] CRC အပိုဒ် ၁၆ (၂)

[52] အထက်တွင်ရှိသော အစီရင်ခံစာအကျဉ်းချုပ် အပိုင်း ၄.က တွင်ကြည့်ပါ။

[53] ကလေးသူငယ်များအခွင့်အရေးဆိုင်ရာကော်မတီ, "ဒုတိယအကြိမ်အစည်းအဝေး အစီရင်ခံစာ" (n ၂၄) [၆၇] (အပိုဒ် (၂)၊ (၃) အောက်ရှိ မည်သည့်အထွေထွေပြင်ဆင်ပေးချက်များမဆိုသည် နှင့် အပိုဒ် (၄) "အရေးပေါ်အခြေအနေကာလ၌ အခွင့်အရေးဖျက်သိမ်းရေးအား လက်ခံရန်") ဆိုထားသည်.

[54] GNLM, နိုင်ငံသားများ၏ လျှို့ဝှက်ချက် နှင့် လုံခြုံရေးကို အကာအကွယ်ပြု ဥပဒေပြင်ဆင်ချက် (n ၁၇); MCRB, နိုင်ငံသားများ၏ လျှို့ဝှက်ချက် နှင့် လုံခြုံရေးကို အကာအကွယ်ပြုသည့်ဥပဒေ (n ၁၇) ss ၅, ၈.

[55] ကလေးသူငယ်များအခွင့်အရေးဆိုင်ရာကော်မတီ, "ဒုတိယအကြိမ်အစည်းအဝေး အစီရင်ခံစာ" (n ၂၄) [၆၇] (အပိုဒ် (၂)၊ (၃) အောက်ရှိ မည်သည့်အထွေထွေပြင်ဆင်ပေးချက်များမဆိုသည် နှင့် အပိုဒ် (၄) "အရေးပေါ်အခြေအနေကာလ၌ အခွင့်အရေးဖျက်သိမ်းရေးအားလက်ခံရန်") ဆိုထားသည်။

[56] CRC အပိုဒ် ၂။

[57] အထက်တွင်ရှိသော အစီရင်ခံစာအကျဉ်းချုပ် အပိုင်း ၄.က တွင်ကြည့်ပါ။

များတွင် ဝင်ရောက်စွက်ဖက်ခွင့်ပေးထားသည့်အတွက် အပိုဒ် ၁၆ (၁) တွင် ပါဝင်သည့်ကလေးသူငယ်များ၏ ပုဂ္ဂိုလ်ရေးအ ချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စများနှင့် ပတ်သက်ပြီး အစမ္မ နည်းဖြင့်ဝင်ရောက်စွက်ဖက်ခြင်းနှင့် ၎င်းတို့၏ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားအား တရားမဝင်တိုက် ခိုက်ထိုးနှက်ခံရခြင်း[58] များအား တားမြစ်ခြင်းဟူသည့် အချက်များကိုချိုးဖောက်လျက်ရှိသည်။ တချိန် တည်းမှာပင် ကလေးများအား အစမ္မဝင်ရောက်စွက်ဖက်ခံရခြင်းကို ၎င်း၏ တရားစီရင်ပိုင်ခွင့်အတွင်းမှ အကာအကွယ်ပေးခြင်းရန် ငြင်းပယ်ပြီး အပိုဒ် ၁၆ (၁) တွင် ဖော်ပြထားသော ၎င်းတို့၏ အခွင့်အရေးများအား ချိုးဖောက်သည့်အတွက် အပိုဒ် ၁၆ (၂) နှင့်လည်း ဆန့်ကျင်လျက် ရှိသည်။[59]

ထိုနည်းတူစွာ ပုဒ်မ ၅ နှင့် ၈ ကို ရပ်ဆိုင်းထားခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၂ နှင့် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၁ တို့နှင့် ဆန့်ကျင်လျက်ရှိသည်။ လူတိုင်း ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ မိသားစု၊ နေအိမ် သို့မဟုတ် ကိုယ်ရေးအချက်အလက်အပါအဝင် စာပေးစာယူ[60] ကိစ္စများအား အစမ္မနည်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်းအား ဥပဒေဘောင်အတွင်း ကင်း လွတ်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။[61]

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၏  ပုဒ်မ ၇ အား ရပ်ဆိုင်းထားခြင်းသည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအရ လွတ်လပ်ခွင့်အား မတရားသဖြင့် ဆုံးရှုံးစေခြင်းကို တားမြစ်ထားချက်နှင့်ဆန့်ကျင်ခြင်း

စစ်ကောင်စီ၏ ပုဒ်မ ၇ အားရပ်ဆိုင်းခြင်းဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အတိုက်အခံနိုင်ငံရေး ခေါင်း ဆောင်များ၊ စစ်အာဏာရှင် ဆန့်ကျင်ရေးဆန္ဒပြသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ များအပါအဝင် ၎င်းတို့၏ အုပ်ချုပ်ရေးအတွက်အန္တရာယ်ရှိသည်ဟုယူဆရသူများအား အစမ္မဖမ်းဆီးခွင့်နှင့် အကန့်အသတ်မရှိချုပ်နှောင်ခွင့်[62] ပေးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ တွင်ပါရှိသည့် မြန်မာနိုင်ငံမှလိုက်နာရမည့် ဝတ္တရားများဖြစ်သော မည်သူတဦးတယောက်ကိုမဆို မည် သည့်အခြေအနေတွင်ဖြစ်စေ[63] အစမ္မဖမ်းဆီးထိန်းသိမ်းခြင်းအား တားမြစ်သည့်အချက်ကို ချိုးဖောက်နေ ခြင်းဖြစ်သည်။ ထိုအထဲတွင် "မည်သည့်စံသတ်မှတ်ချက် သို့မဟုတ် ပြန်လည်သုံးသပ်မှုမရှိပဲ အလိုအ လျောက် အကန့်အသတ်မရှိဖမ်းဆီး" ခွင့်ပေးသည့် ဥပဒေများလည်းပါဝင်သည်။[64]

---

[58] CRC အပိုဒ် ၁၆ (၁)။

[59] CRC အပိုဒ် ၁၆ (၂)။

[60] AHRD အပိုဒ် ၂၁; UDHR အပိုဒ် ၁၂။

[61] AHRD အပိုဒ် ၂၁

[62] GNLM, နိုင်ငံသားများ၏ လျှို့ဝှက်ချက် နှင့် လုံခြုံရေးကို အကာအကွယ်ပြု ဥပဒေပြင်ဆင်ချက် (n ၁၇); MCRB, နိုင်ငံသားများ၏ လျှို့ဝှက်ချက်နှင့် လုံခြုံရေးကို အကာအကွယ်ပြု ဥပဒေ (n ၁၇) s ၇ ("မည်သူတစ်စုံတစ်ဦးကိုမျှ တည်ဆဲဥပဒေနှင့်အညီ တရားရုံး၏ ခွင့်ပြုချက်မရှိပဲ ၂၄နာရီထက်ကျော်လွန်ကာ ဖမ်းဆီးချုပ်နှောင်ထားခြင်းမပြုရ")

[63] မတရာဖမ်းဆီးချုပ်နှောင်ခြင်းကို ဆောင်ရွက်သည့်အဖွဲ့, "တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်းကို ဆောင်ရွက်သည့်အဖွဲ့၏ အစီရင်ခံစာ" (n ၂၇) [၄၂]–[၅၁]

[64] ibid [၆၃]

## (ခ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ခံစားခွင့်ချိုးဖောက်ခြင်း

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် မြန်မာပြည်သူများအတွက် စစ်အာဏာသိမ်းမှုကို တော်လှန်ရန်အတွက် ပြည်တွင်းတွင်လူအများစုစည်းနိုင်ရန်နှင့် နိုင်ငံတကာအထောက်အပံ့များရရှိရန်အတွက် လမ်းကြောင်းတစ်ခုအဖြစ် အသုံးဝင်သည်။ ထိုနည်းတူစွာ ဒီဂျစ်တယ်နည်းပညာအား သတင်းထောက်များ၊ ပြည်သူ့သတင်းသမားများနှင့် အခြားသောတက်ကြွလှုပ်ရှားသူများမှ စစ်ကောင်စီအားဝေဖန်ထောက်ပြရန်အတွက် ကြားခံနယ်အဖြစ်အသုံးပြုပြီး လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ရန်နှင့် ဖော်ထုတ်ရန်အတွက်လည်း အသုံးပြုကြသည်။ ထိုအခြေအနေကိုတုန့်ပြန်သည့်အနေဖြင့် စစ်ကောင်စီမှ အထူးသဖြင့်အာဏာသိမ်းပြီးအစောပိုင်းလများတွင် ဖေ့စ်ဘွတ်၊ တွစ်တာ၊ အင်စတာဂရမ်ကဲ့သို့သော လူမှုကွန်ယက်မီဒီယာများအား အသုံးပြုမှုကိုကန့်သတ်ခြင်းနှင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်များဖြတ်တောက်ခြင်းတို့ပြုလုပ်ခဲ့ပါသည်။[65]
အမြင်သဘောထားကွဲလွဲမှုများအား တားဆီးနိုင်ရန်အတွက် လုပ်ဆောင်ခဲ့သည့် နည်းဗျူဟာထဲမှ တစ်ခုမှာ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) အား ပြန်လည်ပြင်ဆင်ခြင်းနှင့် အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် အမျိုးသားလုံခြုံရေးနှင့် အမိန့်ကြေညာချက်များကို ချိုးဖောက်နိုင်ချေရှိသည်ဟူသည့် သံသယဖြင့် ရာဇဝတ်မှုအသွင်သတ်မှတ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားသည်။ ထိုအမိန့်ကြေညာချက်များသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများအောက်ရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ချက်ရန်လိုအပ်သည့်စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။

[65] (NetBlocks, ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့) ၏ “မြန်မာနိုင်ငံတွင် ထင်ရှားသည့် စစ်တပ်အုံကြွမှုကြား အင်တာနက်ဖြတ်တောက်မှု” ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ https://netblocks.org/reports/internet-disrupted-in-myanmar-amid-apparent-military-uprising-JBZrmlB6; Channel News Asia (၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်နေ့) ၏ “အင်တာနက်ဖြတ်တောက်မှုလုနီးပါး မြန်မာနိုင်ငံကြုံတွေ့ရ” ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ https://www.channe lnewsasia.com/news /asia/myanmar-experiencing-near-total-internet-shutdown-14198398 (International Crisis Group ၂၀၂၁ခုနှစ်) ၁၄-၁၈ ၏ “မြန်မာစစ်တပ်၏ အွန်လိုင်းစစ်မြေပြင်ထိန်းချုပ်ရန် ကြိုးပမ်းမှု” ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ https://d2071andvip0 wj.cloudfront.net/314-myanmar-virtual-battlefield_0.pdf.

(၁) ပုဒ်မ ၅၀၅ (က) သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ရန်အတွက် လိုအပ်ချက်များ ပြည့်မှီမှုမရှိသဖြင့် တရားမဝင်သောကန့်သတ်ချက်တခုအဖြစ်သာသတ်မှတ်နိုင်သည်။

| |
|---|
| ပုဒ်မ ၅၀၅ (က) အရ အောက်ပါအချက်များအား ချိုးဖောက်သူ မည်သည့်ကိုမဆို အများဆုံး ထောင်ဒဏ် သုံးနှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (၁) တပ်မတော်သားများ သို့မဟုတ် အစိုးရအရာထမ်းအမှုထမ်းများက အစိုးရအပေါ်တွင် အာဏာဖီဆန်ရန်သော်လည်းကောင်း၊ သစ္စာမဲ့ရန် သော်လည်းကောင်း ထိုသူတို့၏စိတ်ဓါတ်တက်ကြွမှု၊ စည်းကမ်း သေဝပ်မှု သို့မဟုတ် ကျန်းမာမှုများအား နှောင့်နှေးစေခြင်း သို့မ ဟုတ် ပျက်ပြားစေခြင်း သို့မဟုတ် (၂) အများပြည်သူ သို့မဟုတ် ပြည်သူတစ်စုအား အထိတ်တလန့်ဖြစ်စေခြင်း သို့မဟုတ် ထိတ်လန့်စေရန်ကြံရွယ်ခြင်း သို့မဟုတ် (၃) မမှန်ဟုသိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင်အကြောင်းရှိလျက် မမှန်သတင်းကို ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ဝေရန်ကြံရွယ်ခြင်း (၄) အစိုးရ အမှုထမ်းတဦးအပေါ် ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သောပြစ်မှုကိုကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန်ကြံ ရွယ်ခြင်းတို့ ဖြစ်သည်။[66] |

စစ်ကောင်စီသည် တစ်ဦးချင်းအလိုက် တရားစွဲဆိုနိုင်ရန်နှင့် စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ ဖော်ပြရေးသားပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအား ထုတ်ဖော်ရေးသားသောသတင်းစာတိုက်များအား ရုံးတင်တရားဆွဲနိုင်ရန်အတွက် ပုဒ်မ ၅၀၅ (က) အား အသုံးပြုခြင်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား တရားဝင်တားမြစ်ထားချက်များနှင့် ကိုက်ညီမှုမရှိပါ။[67] နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်အား ကန့်သတ်ချက်များသည် "အခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာ" ကို အကာအကွယ်ပေးရန် လိုအပ်ချက်ကြောင့်ဖြစ်ရမည်။ သို့မဟုတ် "နိုင်ငံတော်လုံခြုံရေးနှင့် အမိန့်ကြေညာချက်များ" အား အကာအကွယ်ပေးရန် သို့မဟုတ် လူထုကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ကိစ္စရပ်များအား အကာအကွယ်ပေးရန် ဖြစ်ရမည်။[68] စစ်ကောင်စီသည် ဤစံနှုန်းများနှင့် ဆန့်ကျင်လျက် စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ဖော်ထုတ်တင်ပြသည့် သတင်းသမားများအား မကြာ

[66] ICNL, "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် (၅/၂၀၂၁) ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် (၆/၂၀၂၁) ပြစ်မှုဆိုင်ရာကျင့်ထုံးသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ" (p ၁၈). (ကိုးကားချက်အား ရှင်းလင်းစေရန် ပြန်လည်တည်းဖြတ်သည်)

[67] The Irrawaddy (၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ရက်နေ့) ၏ "မြန်မာစစ်အစိုးရမှ ဧရာဝတီကို တရားစွဲသည်" ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ https://www.irrawaddy. com/news/burma/myanmar-military-regime-sues-irrawaddy.html

[68] UNHRC, "အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: လွပ်လပ်စွာ ထင်မြင်ယူဆချက်နှင့် ထုတ်ဖော်ပြောဆိုခွင့်" (p ၃၃) [၂၂], [၂၈]-[၃၂].

ခဏဆိုသလို တရားစွဲဆိုမှုများ ပြုလုပ်လေ့ရှိသည်။[69] ထို့အပြင် လူမှုမီဒီယာများတွင် စစ်အာဏာသိမ်းမှုနှင့် ပတ်သက်ပြီး ဆန့်ကျင်ပြောဆိုသည့် သာမန်အရပ်သားများ၊ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြခြင်းကိုထောက်ခံသည့် နာမည်ကျော်ကြားသူများအပြင် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သည့် လှုပ်ရှားမှုများတွင်ပါ ဝင်သောလူငယ်များကိုလည်း တရားစွဲဆိုအမှုဖွင့်လေ့ရှိသည်။[70]

(၂) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအနေဖြင့် ခွင့်ပြုကန့်သတ်ချက်များ ချမှတ်နိုင်ရန်အတွက် “တရားဝင်ပြဋ္ဌာန်းရန်လိုအပ်ချက်” နှင့် “အကျိုးစီးပွားအချိုးညီမျှမှု” ဆိုင်ရာအချက်များကို ပြည့်မီ ခြင်းမရှိပါ။

> ပုဒ်မ ၃၈ (ခ)  “မည်သူမဆို သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ… ချမှတ်ရမည်။”[71]

ပုဒ်မ ၃၈ (ခ) ၏ ရည်ရွယ်ချက်မှာ ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား ကာကွယ်ရန်အတွက်ဟု ယူဆလျှင်ပင် သုံးနှုန်းချက်များမှာ အလွန်ကျယ်ပြန့်သည့်အတွက် အကျိုးစီးပွားအချိုးမျှတမှုမှုအရ ဤကန့်သတ်ချက်များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေမည့်အရာများမှ အကာအကွယ်

[69] Myanmar Now (၂၀၂၁ခုနှစ်၊ မေလ ၁၃ရက်) ၏ “ပြည်မြို့ရှိ DVB သတင်းထောက် သုံးနှစ်ထောင်ဒဏ်ချမှတ်ခံရ” ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ https://www.myanmar-now.org/en/news/dvb-reporter-from-pyay-sentenced-to-three-years-in-prison; Myanmar NOW (၂၀၂၁ခုနှစ်၊ မတ်လ ၂ရက်) ၏ “Myanmar Now သတင်းထောက်များထဲမှ အနည်းဆုံး ရှစ်ဦးသည် အာဏာသိမ်းဆန့်ကျင်ရေးဆန္ဒပြမှုအား ဖုံးကွယ်ခြင်းဖြင့် ထောင်ဒဏ်ချမှတ်ခံရ” ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ https://www.myanm ar-now.org/ en/news/myanmar-now-reporter-among-at-least-eight-charged-for-covering-anti-coup-protests; The Straits Times (၂၀၂၁ခုနှစ်၊ ဇွန်လ ၁၇ရက်) ၏ “အမေရိကန်သတင်းထောက်အား မြန်မာနိုင်ငံ၏ အထူးတရားရုံးတွင် ရုံးထုတ်သည်ဟု Employer မှဆို,” ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့ https://www.straitstimes.com/asia/se-asia/us-journalist-held-in-myanmar-appears-in-special-court-says-employer

[70] AP NEWS (၂၀၂၁ခုနှစ်၊ ဧပြီလ ၆ရက်နေ့) ၏ “မြန်မာစစ်တပ်မှ ထင်ရှားသည့်အနုပညာရှင်များ၏ ဆန္ဒပြပွဲများအားပေးမှုကြောင့် တရားစွဲဆို” ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၂ရက်နေ့; https://apnews.com/article/myanmar-junta-charge-celebrities-promoting-protests-50fcb59c57f041930eac17b793e3c369 Radio Free Asia (၂၀၂၁ခုနှစ်၊ ဇွန်လ ၅ရက်) ၏ “ဆန္ဒပြပွဲဖြိုခွင်းမှုတွင် မြန်မာစစ်တပ်မှ လူငယ်များအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းများပြုလုပ်” ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ https:// www.rfa.org/english/news/myanmar/youths-05072021164621.html; Global New Light of Myanmar (၂၀၂၁ခုနှစ်၊ မေလ ၁ရက်) “ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် တရားစွဲဆိုထားရသည့် မြန်မာအမျိုးသ မီးနှစ်ဦးဖမ်းဆီးခံရ” ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့ https://www.gnlm.com.m m/two-women-filed-lawsuits-under-section-505-a-of-penal-code-arrested/

[71] FEM, “အီလက်ထရော နစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ [တရားဝင်မှုမဟုတ်သည့် ဘာသာပြန်မှု]” (n ၁၉). [ကိုးကားချက်ရှင်းလင်းရန်ပြန်လည်တည်းဖြတ်သည်]

ပေးနိုင်သောအချက်များကို အနည်းဆုံးထည့်သွင်းပေးရန်လိုသည်။[72] ပြင်ဆင်ချက်တွင် "ပုဂ္ဂိုလ်ရေးအချက်အလက်များ" ကို လူတစ်ဦးနှင့်ဆိုင်သည့် မည်သည့်အချက်အလက်ကိုမဆိုဟု အဓိပ္ပါယ်ဖော်ထားသည်။[73] ထို့အတွက်ကြောင့် ထိုပြင်ဆင်ရေးဆွဲထားချက်သည် မည်သူ့ကိုမဆို ပြစ်မှုဆိုင်ရာအရေးယူမှုများ ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှု သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ရှာဖွေဖော်ထုတ်ရေး အဖွဲ့အစည်းများထံ သတင်းအချက်အလက်များ ထုတ်ဖော် ပေးပို့ပါကလည်း အရေးယူနိုင်သည်။ လူ့အခွင့်အရေး စံနှုန်းများအောက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ခြင်းသည် "ပါတီစုံဒီမိုကရေစီအရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများအား ဟန့်တားရန်အတွက် အကြောင်းရင်းတစ်ခု မဖြစ်ရပါ။"[74]

| |
|---|
| ပုဒ်မ ၃၈ (ဂ) "မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင်ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်စီရင်ချမှတ် [...]"[75] |

ရှင်းလင်းမှုမရှိသော၊ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသော စကားလုံးအသုံးအနှုန်းများဖြစ်သည့် "သတင်းတု၊ သတင်းမှား" နှင့် "အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်" တို့သည် လူ့အခွင့်အရေးစံနှုန်းများအရ "ဥပဒေ" ဟု ခေါ်ဆိုရန်မညီညွတ်ပါ။ ကန့်သတ်ချက်များအား တိကျသည့်သတ်မှတ်ချက်များဖြင့် ချမှတ်မှသာလျှင် လူတစ်ဦးချင်းစီအနေဖြင့် ၎င်းတို့ ထုတ်ဖော်ပြောဆိုလိုသည်များကို စည်းကမ်းနှင့်အညီ ဒီဂျစ်တယ်နည်းဖြင့် ဖော်ထုတ်ပြသခွင့်ရမည်ဖြစ်သည်။[76] လက်ရှိအခြေအနေသည် အာဏာပိုင်များအား "စည်းလွတ်ဝါးလွတ် ဆုံးဖြတ်ခွင့်အာဏာ"[77] ပေးအပ်ထားပြီး စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်သော သတင်းထောက်များ၊ တက်ကြွ

[72] UNHRC "အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: လွတ်လပ်စွာထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့်" (n ၃၃) [၂၂], [၃၄]. (လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့, ၂၀၂၁ခုနှစ်၊ မတ်လ ၂ရက်နေ့) ၏ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ တွင်ကြည့် ပါ။, "မြန်မာ: စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း တရားဝင်အပြောင်းအလဲများသည် လူ့အခွင့်အရေးအား ဆုတ်ရုပ်စေသည်" ၂၀၂၁ ခုနှစ်၊ မေလ ၂၄ရက်နေ့ https://www.hrw.org/news/2021/03/02/myanmar-post-coup-legal-changes-erode-human-rights

[73] FEM, "အီလက်ထရော နစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ [တရားဝင်မှုမဟုတ်သည့် ဘာသာပြန်မှု]" (n ၁၉) s ၂ (a), ၃၈ (b).

[74] UNHRC "အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: လွတ်လပ်စွာ ထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့် " (n ၃၃) [၂၃].

[75] FEM, "အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ [တရားဝင်မှုမဟုတ်သည့် ဘာသာပြန်မှု]" (n ၁၉). [ကိုးကားချက်ရှင်းလင်းရန်ပြန်လည်တည်းဖြတ်သည်]။

[76] UNHRC "အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: ထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေး" (n ၃၃) [၂၅]။

[77] ibid.

လူပ်ရှားသူများနှင့် ပညာရှင်များအား ဥပဒေအသုံးပြု နှိမ်နင်းခွင့် ပေးလျက်ရှိသည်။[78]

> ပုဒ်မ ၃၈ (ဃ) " မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင် တားဆီးခြင်း၊ ခက်ခဲအောင် ပြုလုပ်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲရ်ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ခြင်း၊ သို့မဟုတ် ပြစ်မှုထင်ရှားလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်စီရင်ချမှတ် ...."[79]
> ပုဒ်မ ၃၈ (င) "မည်သူမဆို နိုင်ငံတော်နှင့်အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသော လုံခြုံရေးအရ လျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနှစ်နှစ်အထိ ထောင်ဒဏ်စီရင်ချမှတ် ..."[80]

ပုဒ်မ ၃၈ (ဃ) နှင့် ၃၈ (င) ပါ ပြဋ္ဌာန်းချက်များသည် "နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" အပြင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ဆက်ဆံရေးအား ကာကွယ်ထိန်းသိမ်းရန် စသည့်အကြောင်းပြချက်များဖြင့် ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှုပုံစံအမျိုးမျိုးအား ရာဇဝတ်မှုပုံစံ ပြုလုပ်ထားသည်။[81] အဓိကအားဖြင့် နိုင်ငံတော်လုံခြုံရေးဟူသည့် ခေါင်းစဉ်အောက်တွင် ဤသို့ကျယ်ပြန့်ပြီးတိကျမှုမရှိသောအသုံးအနှုန်း

[78] Myanmar NOW (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်နေ့) ၏ မြန်မာနိုင်ငံ၏ စာနယ်ဇင်းသမားကောင်စီဟောင်းတစ်ဦး ပုဒ်မ ၂၈ (ဂ) ကို ရင်ဆိုင်: "သတင်းထောက်တစ်ဦးက တိကျတဲ့အကြောင်းအရာတစ်ခု တင်ပြတာကို အကယ်၍ သူတို့မှ စိတ်ကျေနပ်မှုမရှိဘူးဆိုရင် – သို့မဟုတ် အမှန်စင်စစ်အားဖြင့် သာမန်ပြည်သူတစ်ဦးမှ တစ်စုံတစ်ခုကို မီဒီယာပေါ်တင်ခြင်းများအား မနှစ်သက်လျှင် – သူတို့မှ တစ်စုံတစ်ဦးအား လှုံ့ဆော်ခြင်း သို့မဟုတ် အသေရေဖျက်စေခြင်းစသည့် စွပ်စွဲချက်များဖြင့် ချက်ချင်းဖမ်းဆီးနိုင်သည်", မှ "ဥပဒေပြင်ဆင်ချက်သည် မြန်မာနိုင်ငံအား သတင်းအမှောင်ချသည့်ခေတ်သို့ ပြန်လည်တွန်းပို့စေသည်" , ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ရက်နေ့ https://www.myanmar-now.org/en/news/amended-law-throws-myanmar-back-into-media-dark-age UNHRC "အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: လွပ်လပ်စွာထင်မြင်ယူဆချက်နှင့် ထုတ်ဖော်ပြောဆိုခွင့်" (n ၃၃) [၃၀] တွင် (ချွင်းချက်အနေဖြင့် လွပ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကျင့်သုံးရာတွင် နိုင်ငံတော်၏ လုံခြုံရေး အားထိပါးခြင်းမရှိပါက သတင်းထောက်များနှင့် သုတေသီများ၏ ပြည်သူလူထုထံ သတင်းအချက်အလက်ဖြန့်ဝေမှုများ အတွက်ဟု အကြောင်းပြကာ တရားစွဲဆိုခြင်းမပြုလုပ်ရပါ။)

[79] FEM, "အီလက်ထရော နစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ [တရားဝင်မှုမဟုတ်သည့် ဘာသာပြန်မှု]" (n ၁၉). [ကိုးကားချက်ရှင်းလင်းရန်ပြန်လည်တည်းဖြတ်သည်].

[80] ibid. [ကိုးကားချက် ရှင်းလင်းရန် ပြန်လည်တည်းဖြတ်သည်].

[81] Ibid။

များသည် ကန့်သတ်ချက်များအနေဖြင့် “တရားဝင်ပြဋ္ဌာန်းရန်လိုအပ်ချက်”[82] နှင့် “အကျိုးစီးပွား အချိုးညီမျှမှု”[83] ဆိုင်ရာအချက်များနှင့်ကိုက်ညီရမည်ဟူသည့် လူ့အခွင့်အရေးစံနှုန်းများအား ပြည့်မီခြင်းမရှိပါ။ တနည်းအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တရားဝင်ကန့်သတ် ပိတ်ပင်မှုပြုနိုင်ရန်အတွက် ဤသို့ “တိကျရှင်းလင်းမှုမရှိသော” နိုင်ငံတော်လုံခြုံရေးဟူသည့်အချက်အား စစ်ကောင်စီမှ လက်နက်သဖွယ် အသုံးပြုလျက်ရှိသည်။[84] ဥပမာအားဖြင့် ပုဒ်မ ၃၈ (ဃ)တွင် ဖော်ပြထားသည့် နိုင်ငံတော်လုံခြုံရေးအရ “ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင် တားဆီးခြင်း၊ [...] ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊”[85] ဟု ဆိုရာတွင် မည်သို့သောအချက်များကို လွှမ်းခြုံကြောင်း ရှင်းလင်းမှုမရှိပါ။ ဤပြဋ္ဌာန်းချက်သည် သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများအား စစ်ကောင်စီ၏ အင်တာနက်သုံးစွဲမှုကန့်သတ်ချက်များကို ကျော်လွှားရန် VPN အသုံးပြုခြင်း သို့မဟုတ် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား အစီရင်ခံရာတွင် ဝှက်စာအသုံးပြုခြင်းများနှင့်ပတ်သက်ပြီး တရားစွဲဆိုရန် အသုံးပြုနိုင်ကြောင်း လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း မြန်မာ (Free Expression Myanmar) အဖွဲ့မှ အကြံပြုခဲ့သည်။[86]

---

82 UNHRC “အထွေထွေမှတ်ချက် အမှတ်. ၃၄: အပိုဒ် ၁၉: လွပ်လပ်စွာ ထင်မြင်ယူဆချက် နှင့် ထုတ်ဖော်ပြောဆိုခွင့်” (n ၃၃) [၂၂], [၂၅]။

83 Ibid [၃၄]။

84 ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ “အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာထင်မြင်ယူဆခွင့် နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အားမြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန် အစီအရင်ခံစာ, Frank La Rue” (၂၀၁၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့) UN Doc A/HRC/23/40 [60]။

85 FEM, “အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးပြင်ဆင်သည့်ဥပဒေ [တရားဝင်မှုမဟုတ်သည့် ဘာသာပြန်မှု]” (n ၁၉)။

86 (Free Expression Myanmar, ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့) ၏ “မြန်မာနိုင်ငံ၏ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ပြင်ဆင်သည့်ဥပဒေ” ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၇ရက်နေ့ https://freeexpressionmyanma r.org/ myanmars–new–electronic–transactions–law–amendment/

# ၆။ အကြံပြုချက်များ

လက်တွေ့တွင် စစ်ကောင်စီမှ အာဏာပြန်လည်ပေးအပ်ခြင်းမပြုသ၍ ၎င်းအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအပေါ် ရက်စက်ယုတ်မာမှုများအား ဆက်လက်ပြီး ကျူးလွန်နေမည်ဖြစ်ကာ ဤသို့ တရားမဝင်သော "ဥပဒေ"များအသုံးပြုပြီး နိုင်ငံအားဆက်လက်ဖိနှိပ်မှု ပြုနေမည်ဖြစ်သည်။ ဤပကတိအခြေအနေသည် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြန်မာပြည်သူများမှ စစ်ကောင်စီအားတွန်းလှန်ရာတွင် ၎င်းတို့နှင့် အတူ ရပ်တည်ရန်လိုအပ်ကြောင်း ပြသနေသည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးအားကာကွယ်မှုပြုနိုင်ရန်အတွက် အာဆီယံ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် နိုင်ငံများအနေဖြင့် လုပ်ဆောင်နိုင်သည့်အစီအစဉ်များကို တင်ပြအပ်ပါသည်။

**အာဆီယံအား အကြံပြုချက်**

- ဘုံသဘောတူညီချက်ငါးရပ်[87]အား အကောင်အထည်ဖော်ဆောင်ရွက်သည့်ရာတွင် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် စစ်ကောင်စီနှင့် ဆက်သွယ်ဆောင်ရွက်မှုများပြုသည့်အခါတွင် သံတမန်ရေး ဆောင်ရွက်ချက်များ၏ အဓိကအစိတ်အပိုင်းတစ်ခုအနေဖြင့် အာဆီယံလူ့အခွင့်အရေးသဘောတူညီချက် စာတမ်းနှင့် အညီ လူ့အခွင့်အရေးအားမြှင့်တင်ကာကွယ်မှုများ ပြုလုပ်ရန်လိုအပ်သည်။ အာဆီယံလူ့အခွင့် အရေး သဘောတူညီ ချက်စာတမ်းအနေဖြင့် စည်းနှောင်မှုမရှိသော်လည်း ဤစာတမ်းတွင် ဖော်ပြထားသည့် အချက်များအပါအဝင် ပြဋ္ဌာန်းထားသည့်အခြေခံမှုများသည် မြန်မာနိုင်ငံသားများရရှိသင့်သော အနိမ့်ဆုံးလူ့အခွင့်အရေးစံနှုန်းများဖြစ်သောကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံလူ့အခွင့်အရေး သဘောတူညီချက်စာတမ်းအား ယုံကြည်စိတ်ချရသည့် ဒေသတွင်းလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု အထောက်အကူပြုကိရိယာတစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရန်အတွက် ကာကွယ်မြှင့်တင်ပေးရန် လိုအပ်သည်။

[87] ၂၀၂၁ခုနှစ်၊ ဧပြီလ ၂၄ရက် အာဆီယံခေါင်းဆောင်များအစည်းအဝေးတွင် စစ်တပ်မှအာဆီယံခေါင်းဆောင်များထံမှရရှိခဲ့သည့် "သဘောတူညီချက်၅ချက်".အာဆီယံခေါင်းဆောင်များရရှိခဲ့သည့်သဘောတူညီချက်၅ချက်မှာ အောက်ပါအတိုင်းဖြစ်သည်: ၁) မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုတွေ ချက်ချင်းရပ်တန့်ပြီး ပါတီအဖွဲ့ဝင်အားလုံးမှ စွမ်းစွမ်းတမံ ထိန်းသိမ်းဆောင်ရွက်ခြင်းပြုလုပ်ရန်;" ၂) "ပြည်သူများ၏အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော အဖြေတစ်ခုရအောင် ပါတီအဖွဲ့ဝင်အားလုံးမှအပြုသဘောဆောင်သော ဆွေးနွေးမှုပြုရန်;" ၃) "အာဆီယံဥက္ကဋ္ဌအထူးကိုယ်စားလှယ်တစ်ယောက်မှ ဆွေးနွေးရေးလမ်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၏အကူအညီယူကာ ကြားဝင်ညှိနှိုင်းပေးမှုပြုလုပ်ရန်;" ၄) "အာဆီယံအနေဖြင့် AHA စင်တာမှတဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့ပေးရန်;" နှင့် ၅) "အာဆီယံအထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များမှ မြန်မာနိုင်ငံသို့သွားရောက်ကာ သက်ဆိုင်ရာပါတီအဖွဲ့ဝင်အားလုံး တို့နှင့်တွေ့ဆုံရန်" (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ရက်) ၏ အာဆီယံအတွင်းဝန်ရုံး "အာဆီယံအခေါင်းဆောင်များ၏ အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်" ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၁၄ရက်နေ့ https://asean.org/storage/Cha irmans–Statement–on–ALM–Five–Point–Consensus–24–April–2021–FINAL–a–1.pdf တွင်ကြည့်ပါ။

## အမျိုးသားညီညွတ်ရေးအစိုးရအား အကြံပြုချက်များ

- စစ်ကောင်စီ၏ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ပြုလုပ်သည့် ပြင်ဆင်ပြဋ္ဌာန်းချက်များသည် ပြည်တွင်းဥပဒေအဖြစ် သက်ရောက်မှုမရှိကြောင်း ကြေညာပေးရန်။ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအောက်တွင် တရားမဝင်သော အဖွဲ့အစည်းဖြစ်သည့်အတွက် စစ်ကောင်စီအနေဖြင့် ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းခွင့်မရှိပါ။ တချိန်တည်းမှာပင် စစ်ကောင်စီမှထုတ်ပြန်သော ဥပဒေများသည် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများအရ လိုက်နာကျင့်သုံးရမည့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်လျက်ရှိသည်။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့်အခြားရက်စက်မှု၊ လူသားမဆန်သော လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသောပြုကျင့်မှုတို့ကို ဆန့်ကျင်သော သဘောတူစာချုပ်(CAT) ၊ လူမျိုးတုန်းပျောက်ကွယ်စေရန် ဆောင်ရွက်မှုများမှ ကာကွယ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (CPED) နှင့် နည်းလမ်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှုများ ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICERD) များမှစတင်ကာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူညီချက် စာချုပ်များအား သဘောတူလက်မှတ်ရေးထိုးရန် ကတိပြုဆောင်ရွက်ပါ။

- အတိတ်ကာလနှင့် လက်ရှိအချိန်ကာလတွင် ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှု၊ လူမျိုးတုန်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများအပါအဝင် ၎င်းတို့ချိုးဖောက်ကျူးလွန်ခဲ့သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရရှိနိုင်ရန် ပထမခြေလှမ်းအနေဖြင့် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)၏ Rome Statute အား လက်မှတ်ထိုးရန် ဂတိပြုဆောင်ရွက်ပြုလုပ်ဆောင်ပါ။

## အခြားနိုင်ငံများအား အကြံပြုချက်

- နိုင်ငံတကာ ဥပဒေအရ ဘေးအန္တရာယ်ရှိသော အရပ်ဒေသများသို့ ပြန်လည်စေလွှတ်ခြင်း မရှိရေး (Non–refoulement) မူကို လိုက်နာပါ။ ဆိုလိုသည်မှာ စစ်ကောင်စီ၏ အဓမ္မ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သို့မဟုတ် အသက်ဘေးစသည့် ဘေးအန္တရာယ်များ အမှန်တကယ် ကြုံတွေ့ရသူမည်သူ့ကိုမဆို ၎င်းတို့၏ ဆန္ဒသဘောထားမပါပဲ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း၊ နှင်ထုတ်ခြင်းနှင့် လွှဲပြောင်းခြင်းများမပြုလုပ်ရ။